ညောင်ပိုင်းကျေးရွာ

ကန်ကြီးထောင့်မြို့နယ်

# ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်

# (၂၀၁၇-၂၀၁၈)



ပြုစုရေးဆွဲသူ

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ
ညောင်ပိုင်းကျေးရွာ၊ ညောင်ပိုင်းကျေးရွာအုပ်စု၊ ကန်ကြီးထောင့်မြို့နယ်
(စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊
ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကူညီရေးဆွဲသည်)

၂၀၁၇ ခုနှစ်၊ ဒီဇင်ဘာလ

(၂၀၂၂ ခုနှစ် စက်တင်ဘာလတွင် ပြန်လည်ပြင်ဆင်ရေးသားသည်)

## မာတိကာ


မာတိကာ ၁

စကားချီး ၅

ညောင်ဝိုင်းကျေးရွာအရင်းအမြစ်ပြမြေပုံ၊ ကန်ကြီးထောင့်မြို့နယ် ၇

**အပိုင်း(က) ကျေးရွာဖွံ့ဖြိုးရေးဗျူဟာ နှင့် အစီအစဉ်** ၈

**(၁) နိဒါန်း- ကျေးရွာဖွံ့ဖြိုးရေးရည်ရွယ်ချက်နှင့် လွှမ်းခြုံသက်ရောက်မှု** ၈

(က) ရည်ရွယ်ချက်နှင့်ကျိုးကြောင်းဖော်ပြချက်

(ခ) စီမံကိန်း၏ လွှမ်းခြုံသက်ရောက်မှု

**(၂) ကျေးရွာ၏ ပထဝီဝင် အနေအထားနှင့် သဘာဝအရင်းအမြစ်များ** ၁၀

(က) တည်နေရာ၊ ရာသီဥတုနှင့် မြေမျက်နှာသွင်ပြင် အနေအထား

(ခ) သဘာဝအရင်းအမြစ်များ

**(၃) ကျေးရွာ၏ လူမှုဖွံ့ဖြိုးတိုးတက်ရေး အခြေအနေ** ၁၀

(က) လူဦးရေဆိုင်ရာ အချက်လက်များ

(ခ) စီးပွားရေးအခြေအနေ - ဝင်ငွေ၊ ပိုင်ဆိုင်မှုနှင့် မမျှတမှု

(ဂ) ဆင်းရဲနွမ်းပါးမှုနှင့် ထိခိုက်နစ်နာလွယ်မှု

(ဃ) ကျန်းမာရေး နှင့် အာဟာရ

(င) ပညာရေးနှင့်ကျွမ်းကျင်မှုများ

(စ) ကျားမဆိုင်ရာဆက်နွယ်မှု

**(၄) ကဏ္ဍအသီးသီး၏လက်ရှိ ဖွံ့ဖြိုးတိုးတက်မှု အခြေအနေ** ၁၂

(က) ဖွံ့ဖြိုးရေးဆိုင်ရာ စီမံအုပ်ချုပ်မှုစနစ်

(ခ) သီးနှံ၊ သားငါး ထုတ်လုပ်ရေးကဏ္ဍ

(ဂ) စိုက်ပျိုး မွေးမြူရေးမဟုတ်သော အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ

(ဃ) ပတ်ဝန်းကျင်နှင့် သဘာဝအရင်းအမြစ်များဆိုင်ရာစီမံခန့်ခွဲမှု

(င) ဘဏ်နှင့်ငွေကြေးဆိုင်ရာ ဝန်ဆောင်မှု

(စ) ပညာရေး၊ ကျန်းမာရေး၊ ရေနှင့်ပတ်ဝန်းကျင်သန့်ရှင်းရေး

(ဆ) လူငယ်နှင့် ယဉ်ကျေးမှု

(ဇ) အခြေခံအဆောက်အဦများအားလက်လှမ်းမီမှု - လမ်းတံတား၊ လျှပ်စစ်စွမ်းအား၊ သတင်းနှင့် ဆက်သွယ်ရေး

(ဈ) တည်ငြိမ်အေးချမ်းမှုနှင့် ပြည်သူ့လုံခြုံရေး

**(၅) ကျေးရွာဖွံ့ဖြိုးတိုးတက်မှုအတွက် အဟန့်အတားများနှင့် ကျော်လွှားရမည့် စိန်ခေါ်မှုများ** ၁၅

**(၆) ကျေးရွာဖွံ့ဖြိုးရေး ပန်းတိုင်နှင့် ဗျူဟာ** ၁၆

(၇) ကျေးရွာဖွံ့ဖြိုးတိုးတက်မှု ကိစ္စရပ်များနှင့် ဗဟိုအဆင့်မူဝါဒများအကြား အစီအစဉ်ကျသော ချိတ်ဆက်မှုများ ၁၇

အပိုင်း (ခ) စီမံကိန်းဆိုင်ရာအချက်အလက်များ

(၈) ဦးစားပေးစီမံချက်များနှင့် အကောင်အထည်ဖော်ဆောင်ရွက်မည့် အချိန်ကာလ ၁၈

(က) နှစ်ပတ်လည် ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်

(ခ) ကဏ္ဍ နှင့် ရင်းနှီးမြှုပ်နှံမှုကိုအခြေခံ၍ စီမံချက်အုပ်စုသတ်မှတ်ခြင်း

(ဂ) ဦးစားပေး စီမံချက်များ

(ဃ) အကောင်အထည်ဖော်မည့် အချိန်ကာလ

(၉) ဘတ်ဂျက်နှင့် ငွေကြေးဆိုင်ရာ အစီအစဉ် ၂၃

(၁၀) ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ အကောင်အထည်ဖော်မည့် နည်းလမ်းနှင့်အစီအစဉ်များ ၂၄

(က) ကျေးရွာဖွံ့ဖြိုးရေးကော်မတီ၏ အခန်းကဏ္ဍ

(ခ) ဖွံ့ဖြိုးရေး မိတ်ဖက် အဖွဲ့အစည်းများ

(ဂ) ကန်ထရိုက်နှင့် ဝန်ဆောင်မှုပေးသည့် အဖွဲ့အစည်းများ

(ဃ) ကျေးရွာ၏ ဖွံ့ဖြိုးရေးလုပ်ငန်းများလည်ပတ်ရန် နှင့် ပြုပြင်ထိန်းသိမ်းရန်အတွက် အဖွဲ့အစည်းဆိုင်ရာနှင့် ငွေကြေးဆိုင်ရာ အစီအစဉ်များ

(၁၁) စီမံကိန်းကြီးကြပ်စစ်ဆေးခြင်းနှင့်အကဲဖြတ်သုံးသပ်ခြင်း ၂၆

(၁၁-၁) ကြီးကြပ်စစ်ဆေးခြင်း

(၁၁-၂) နှစ်ပတ်လည် ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း ဆောင်ရွက်ပြီးစီးမှု အကဲဖြတ်ခြင်း

(၁၁-၃) နည်းပညာဆိုင်ရာ အကူအညီ

နောက်ဆက်တွဲ

နောက်ဆက်တွဲ (၁) စီမံကိန်းဇယားများ ၂၈

(၁) လူမှုစီးပွားရေး အခြေအနေ

ဇယား ၁ လူဦးရေနှင့် လူဦးရေဆိုင်ရာ အချက်အလက်များ

ဇယား ၂ လုပ်သားအင်အားနှင့် ဝင်ငွေရ လုပ်ငန်းအမျိုးအစား

ဇယား ၃ လုပ်ငန်းနှင့် ကျား၊ မအလိုက် အနည်းဆုံးနှင့် အများဆုံး လုပ်အားခနှုန်းထား

ဇယား ၄ ကျေးရွာ၏စိုက်ပျိုးမြေပိုင်ဆိုင်မှု

ဇယား ၅ ဓာတ်သတ္တုနှင့် အခြားသဘာဝ အရင်းအမြစ်များ

ဇယား ၆ ဥစ္စာဓနအဆင့် အခြေအနေ

ဇယား ၇ ချေးငှားခြင်းမရှိဘဲ တစ်နေ့လျှင် အနည်းဆုံး နှစ်နပ်စားနိုင်သည့်အိမ်ထောင်စုများ

ဇယား ၈ ကူညီစောင့်ရှောက်မှုအထူးလိုအပ်သောအုပ်စုများ၏ထိခိုက်လွယ်မှု အခြေအနေ

ဇယား ၉ ကျေးရွာ၏ ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ

ဇယား ၁၀ ထိခိုက်သက်ရောက်မှုခံရနိုင်သည့်သူများ


## (၂) ကျေးရွာ၏လက်ရှိဖွံ့ဖြိုးရေး အခြေအနေ


ဇယား ၁၁ ကျေးရွာတွင်းရှိ လူထုအခြေပြု အဖွဲ့အစည်းများ

ဇယား ၁၂ ကျေးရွာဖွံ့ဖြိုးရေးဆောင်ရွက်နေသော ပြင်ပအဖွဲ့အစည်းများ

ဇယား ၁၃ ကျေးရွာ၏စိုက်ပျိုးမြေပိုင်ဆိုင်မှု၊ မြေယာပိုင်ဆိုင်သည့် အိမ်ထောင်စု

ဇယား ၁၄ ကျေးရွာ၏ ရေအရင်းအမြစ် နှင့် ရေသွင်းဧရိယာ

ဇယား ၁၅ အဓိကသီးနှံများနှင့် အထွက်နှုန်း

ဇယား ၁၆ ကျေးရွာ၏ စိုက်ပျိုးရေးသုံး ကိရိယာများ ပိုင်ဆိုင်မှု

ဇယား ၁၇ သီးနှံထုတ်လုပ်မှု တိုးစေရန်အတွက် အခွင့်အလမ်းများ

ဇယား ၁၈ သီးနှံထုတ်လုပ်မှုအတွက် ပြဿနာနှင့် အခက်အခဲများ

ဇယား ၁၉ မွေးမြူရေးနှင့်ငါးလုပ်ငန်းဆောင်ရွက်မှုအခြေအနေ

ဇယား ၂၀ မွေးမြူရေးနှင့် သားငါးထုတ်လုပ်မှုတိုးတက်စေရန်အတွက် အခွင့်အလမ်းများ

ဇယား ၂၁ မွေးမြူရေးနှင့် သားငါးထုတ်လုပ်မှုတိုးတက်စေရန်အတွက် ပြဿနာနှင့် စိန်ခေါ်မှု များ

ဇယား ၂၂ စိုက်ပျိုးမွေးမြူရေးမဟုတ်သော အသက်မွေးလုပ်ငန်းများအတွက် အခွင့် အလမ်းများ

ဇယား ၂၃ စိုက်ပျိုးမွေးမြူရေးမဟုတ်သော အသက်မွေးလုပ်ငန်းများအတွက် ပြဿနာ နှင့်အခက်အခဲများ

ဇယား ၂၄ ရွှေ့ပြောင်းသွားလာမှု ဖြစ်ပေါ်လာပုံ၊ ပုံစံနှင့် အချိန်ကာလ

ဇယား ၂၅ ရွှေ့ပြောင်းသွားလာရခြင်း၏ အဓိက အကြောင်းရင်း

ဇယား ၂၆ ရွှေ့ပြောင်းလုပ်ကိုင်သူများမှပြန်ပို့ငွေ

ဇယား ၂၇ ကုန်စည်နှင့် ဝန်ဆောင်မှု၊ ဈေးကွက်လက်လှမ်းမီမှု အခြေအနေ

ဇယား ၂၈ ငွေကြေးလက်လှမ်းမီမှုနှင့် ဘဏ်လုပ်ငန်း

ဇယား ၂၉ သဘာဝပတ်ဝန်းကျင်နှင့်သဘာဝရင်းမြစ်စီမံခန့်ခွဲမှုအတွက်လက်ရှိအလေ့ အကျင့်နှင့် အခက်အခဲများ

ဇယား ၃၀ မူလတန်း၊ အလယ်တန်း၊ အထက်တန်းနှင့် တက္ကသိုလ်အဆင့် စာတတ် မြောက်မှုနှုန်း

ဇယား ၃၁ ကျောင်းတက်နှုန်း

ဇယား ၃၂ စာသင်ကျောင်းဆောင် အခြေအနေနှင့် ဝန်ဆောင်မှုများ

ဇယား ၃၃ ပညာရေး အခက်အခဲနှင့် ပြဿနာများ

ဇယား ၃၄ အဖြစ်များသော ရောဂါများ
ဇယား ၃၅ လွန်ခဲ့သော (၁၂) လအတွင်း ကာကွယ်ဆေးထိုးနှံမှု
ဇယား ၃၆ ကျန်းမာရေး အထောက်အပံ့နှင့် ဝန်ဆောင်မှုများ
ဇယား ၃၇ သောက်သုံးရေရရှိနိုင်မှု
ဇယား ၃၈ အိမ်သာ အမျိုးအစား
ဇယား ၃၉ ကျား-မ ရေးရာ
ဇယား ၄၀ ကျေးရွာ၏ လမ်းတည်ရှိမှုအခြေအနေ
ဇယား ၄၁ ကျေးရွာ၏ တံတားတည်ရှိမှုအခြေအနေ
ဇယား ၄၂ ရေကြောင်းသယ်ယူပို့ဆောင်ရေး
ဇယား ၄၃ သယ်ယူပို့ဆောင်ရေးယာဉ်များ
ဇယား ၄၄ လျှပ်စစ်မီးရရှိမှု အခြေအနေ
ဇယား ၄၅ ဆက်သွယ်ရေး နှင့် သတင်းအချက်အလက်နည်းပညာ အခြေအနေ
ဇယား ၄၆ ယဉ်ကျေးမှုနှင့်လူငယ်ဖွံ့ဖြိုးရေး အခြေအနေ
ဇယား ၄၇ ဘေးကင်းလုံခြုံရေး၊ ဝန်ဆောင်မှု အထောက်အကူများအား လက်လှမ်းမီမှု
ဇယား ၄၈ မှုခင်းဖြစ်ပွားမှု အခြေအနေ

**နောက်ဆက်တွဲ (၂) ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အပံ့ဖြစ်စေမည့် အခြေအနေကောင်းများ၊ အဟန့်အတားနှင့်ရင်ဆိုင်ကျော်လွှားရမည့် စိန်ခေါ်မှုများ** ၆၉

ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အပံ့ဖြစ်စေသော အခြေအနေကောင်းများ

ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက် အဟန့်အတားနှင့်ရင်ဆိုင်ကျော်လွှားရမည့် စိန်ခေါ်မှုများ

**နောက်ဆက်တွဲ (၃)** ကျေးရွာဖွံ့ဖြိုးရေးကွင်းဆက် (ပြဿနာဆန်းစစ်ခြင်းမှ ဖြေရှင်းနည်းအထိ)**၇၀**

**ကိုးကားစာရင်း** **၇၃**

**စကားချီး**

ဤကျေးရွာဖွံ့ဖြိုးရေးစီမံချက်သည် ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်မှ ၂၀၂၁-၂၀၂၂ ခုနှစ်အထိ (၅) နှစ်ကြာ အကောင်အထည်ဖော်ဆောင်ရွက်မည့် ကျွန်ုပ်တို့ကျေးရွာ၏ ပထမဦးဆုံးသော လူအများပါဝင်ရေးဆွဲထားသည့် ကျေးရွာဖွံ့ဖြိုးရေးစီမံချက်ဖြစ်ပါသည်။ ကနဦးအနေဖြင့် စီမံချက်ဖြစ်မြောက်ရေးအတွက် လိုအပ်သောနည်းပညာများပံ့ပိုးပေးသော စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအား အထူးပင်ကျေးဇူးတင်ရှိပါသည်။ အရေးကြီးသော အချက်အလက်များနှင့် အကြံဉာဏ်များကို တက်တက်ကြွကြွ ပံ့ပိုးပေးသော ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးနှင့် သက်ဆိုင်ရာဝန်ထမ်းများကိုလည်း ကျေးဇူးတင်ရှိပါသည်။

ကျွန်ုပ်တို့ကျေးရွာတွင် ကျွန်ုပ်တို့ကိုယ်တိုင် ရပ်ရွာလုပ်ငန်းများကို စီစဉ်ချမှတ်ဆောင်ရွက်ခဲ့ကြသော်လည်း လူထုအများ စနစ်တကျပူးပေါင်းပါဝင်ဆောင်ရွက်သည့် နည်းလမ်းများနှင့် လုပ်ထုံးလုပ်နည်းများကို မသိခဲ့ကြပါ။ လူထုကိုယ်တိုင် စနစ်တကျ ပူးပေါင်းဆောင်ရွက်နည်းကို အသုံးပြု၍ ကျွန်ုပ်တို့အချင်းချင်း တိုင်ပင်ဆွေးနွေးညှိနှိုင်းအဖြေရှာကြရာတွင် ကူညီပံ့ပိုးပေးသည့် အစီအစဉ်ရေးဆွဲရေး ကျွမ်းကျင်သူအဖွဲ့တစ်ဖွဲ့ကို မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ စီစဉ်ဆောင်ရွက်ပေးပါသည်။ ဤလုပ်ငန်းစဉ်ကြောင့် ကျွန်ုပ်တို့သည် ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ် ရေးဆွဲရာတွင် ကိန်းဂဏန်းနှင့် သတင်းအချက်အလက်တို့၏ အရေးပါမှုကို သိရှိရုံသာမက ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံးကဲ့သို့သော ကိန်းဂဏန်းအချက်အလက် ရရှိနိုင်သောနေရာများမှလည်း ကောက်ယူရရှိခဲ့ပါသည်။ ထို့ပြင် ထပ်မံလိုအပ်သော ကိန်းဂဏန်း၊ အချက်အလက်များနှင့် နည်းပညာပံ့ပိုးမှုတို့ကို မြို့နယ်အဆင့် ဌာနဆိုင်ရာများမှ ရယူရန်လိုအပ်ကြောင်းကိုလည်း ကောင်းစွာသိရှိခဲ့ပါသည်။

ယခုရေးဆွဲထားသောအစီအစဉ်ကို ထပ်မံရရှိသည့် ကိန်းဂဏန်းအချက်အလက်များ ထပ်ဖြည့်ပေးခြင်းဖြင့် ပိုမိုကောင်းလာမည်မှာသေချာပါသည်။ ဤလုပ်ငန်းသည် ဆက်လက်လုပ်ဆောင်ရမည့်လုပ်ငန်းဖြစ်ပြီး လုပ်ငန်းဆောင်ရွက်နေမှုတစ်ဝက်ခန့်အရောက်တွင် လုပ်ငန်းတိုးတက်မှု၊ ပေါ်ပေါက်လာသည့် အခက်အခဲများနှင့် ဦးစားပေးရွေးချယ်မှုများနှင့် လုပ်ငန်းအစီအစဉ်များကို မူဘောင်အတွင်းပြုပြင် ပြောင်းလဲမှုများ ဆက်လက်လုပ်ဆောင်သွားရပါမည်။

ဤဖွံ့ဖြိုးရေးအစီအစဉ်တွင်ဖော်ပြပါရှိသော ဦးစားပေးလုပ်ငန်းများ စုစည်းဆောင်ရွက်နိုင်ရန်အတွက် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနတို့၏ ဆက်လက်ပံ့ပိုးမှုများရရှိနိုင်မည်ဟု ကျွန်ုပ်တို့မျှော်လင့်ပါသည်။ ဆက်လက်၍ နောင်တွင်လည်း ကျွန်ုပ်တို့၏ ဖွံ့ဖြိုးရေးဆိုင်ရာ အားထုတ်မှုအခြေအနေများကို ဆန်းစစ်သုံးသပ်ရန်နှင့် အကဲဖြတ်ရန်အတွက် ပံ့ပိုးကူညီမှုများ ရရှိနိုင်မည်ဖြစ်ပါကြောင်း ယုံကြည်ပါသည်။

ဤအစီအစဉ်တွင် အပိုင်း (၂) ပိုင်း ပါရှိပါသည်။ အပိုင်း (က) တွင် ဖွံ့ဖြိုးရေးဗျူဟာနှင့် လုပ်ငန်းအစီအစဉ်တို့ပါဝင်ပါသည်။ အကောင်အထည်ဖော်မည့်ဗျူဟာ၊ ဦးစားပေးလုပ်ငန်းအစီအစဉ်များ၊

ဘတ်ဂျက်နှင့် ငွေကြေးဆိုင်ရာရရှိနိုင်မည့် လမ်းကြောင်းနှင့် လုပ်ငန်းဆောင်ရွက်မှုအဆင့်ဆင့်တို့ကို အဓိကဖော်ပြထားပါသည်။ အပိုင်း (ခ) သည် စီမံကိန်းဆိုင်ရာအချက်အလက်များ၏ အကြောင်းအရာများ ဖြစ်ပြီး အဆိုပြုစီမံကိန်း လုပ်ငန်းများ၏အသေးစိတ်အချက်အလက်များပါဝင်ပါသည်။

ဒီဇင်ဘာလ၊ ၂၀၁၇ ခုနှစ်

(၂၀၂၂ ခုနှစ်၊ စက်တင်ဘာလတွင် ပြန်လည်ပြင်ဆင်ရေးဆွဲသည်)

ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့

ညောင်ဝိုင်းကျေးရွာ၊ ညောင်ဝိုင်းကျေးရွာအုပ်စု

ကန်ကြီးထောင့်မြို့နယ်

## ညောင်ပိုင်းကျေးရွာအုပ်စု၊ ညောင်ပိုင်းကျေးရွာ အရင်းအမြစ်ပြမြေပုံ၊ ကန်ကြီးထောင့်မြို့နယ်



## အပိုင်း(က) ကျေးရွာဖွံ့ဖြိုးရေး ဗျူဟာ နှင့် လုပ်ငန်းအစီအစဉ်

### ၁ နိဒါန်း

### ၁.၁ ရည်ရွယ်ချက်

ဧရာဝတီတိုင်းဒေသကြီး၊ ပုသိမ်ခရိုင်၊ ကန်ကြီးထောင့်မြို့နယ်၊ ညောင်ဝိုင်းကျေးရွာအုပ်စု၊ ညောင်ဝိုင်းကျေးရွာသည် အိမ်ခြေနှင့် လူဦးရေအသင့်အတင့်ရှိပြီး ဖွံ့ဖြိုးတိုးတက်မှုများ နောက်ကျနေခြင်းကြောင့် ဤအစီအစဉ်တွင်ပါဝင်ရခြင်းဖြစ်ပါသည်။ ဤကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်သည် အစိုးရဌာနများ၊ ပြည်တွင်း/ ပြည်ပအဖွဲ့အစည်းများ၏ နိုင်ငံအတွင်းဆောင်ရွက်ခဲ့ပြီးသော ဖွံ့ဖြိုးရေး လုပ်ငန်းအတွေ့အကြုံများကို လေ့လာသုံးသပ်ပြီး တစ်နိုင်ငံလုံး ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းများ ရေးဆွဲ အကောင်ထည်ဖော်မည့် အစီအစဉ်သစ်ဖြစ်ကြောင်း သိရှိရပါသည်။

ယခင်ကဖွံ့ဖြိုးရေး အစီအစဉ်ရေးဆွဲရေးအတွေ့အကြုံမရှိခဲ့ပါ။ ထို့ကြောင့် ကျွန်ုပ်တို့၏ ပထမဦးဆုံးသော ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ကို နိုင်ငံတော်၏အကူအညီဖြင့် ရေးဆွဲရာတွင် ကျေးရွာလူထုပါဝင်မှုအားနည်းရပါသည်။ ဤအစီအစဉ်ရေးဆွဲပြီးနောက် ကျေးရွာ၏ ဖွံ့ဖြိုးရေးဆိုင်ရာကိန်းဂဏန်း၊ သတင်းအချက်အလက်များပြုစုရန် အရေးကြီးပုံကို အလေးထားမိလာကြပါသည်။ ထို့အပြင် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံး၊ ဌာနဆိုင်ရာများစသည်တို့ထံမှ လိုအပ်သော ကိန်းဂဏန်း၊ သတင်း အချက်အလက်များရယူရန်နှင့် ကျွန်ုပ်တို့၏ကျေးရွာစီမံကိန်း အကောင်အထည်ဖော်ရန်လိုအပ်သော နည်းပညာ များရရှိရန် အရေးကြီးကြောင်းကိုပါ သတိပြုမိပါသည်။ သို့သော် အလွယ်တကူတက်ကျွမ်းမှု မရှိ၍ စီစဉ်ဆောင်ရွက်ရာတွင် ခက်ခဲပါသဖြင့် မိမိတို့ ဉာဏ်ရည်ဉာဏ်သွေး ပူးပေါင်းပါဝင်မှုများဖြင့် ပြုစုတင်ပြသွားမည်ဖြစ်ပါသည်။

ဤအစီအစဉ်တွင် ကျေးရွာ၏ လက်ရှိလူမှုစီးပွားရေးနှင့် ဖွံ့ဖြိုးရေးအခြေအနေများ၊ ကြုံတွေ့နေရသောပြဿနာများ၊ ထိုပြဿနာများဖြစ်ရသည့် အရင်းခံအချက်များ၊ ဖွံ့ဖြိုးရေးကို အပံ့အပိုးဖြစ်စေသောအချက်များနှင့် အဟန့်အတားဖြစ်စေသောအချက်များ၊ (၅) နှစ်တာ ကာလအပြီးတွင် ရရှိအောင် ဆောင်ရွက်လိုသည့် ရည်မှန်းချက်များ၊ ထိုရည်မှန်းချက်များရရှိရန် ကျွန်ုပ်တို့ ကျေးရွာအနေ နှင့် ဆောင်ရွက်မည့်နည်းဗျူဟာများ၊ စီမံချက်များကို ရှင်းရှင်းလင်းလင်းဖော်ပြထားပါသည်။ ထို့ပြင် ဦးစားပေးလုပ်ငန်းများလုပ်ဆောင်ရန် လိုအပ်သောအရာများနှင့် ငွေကြေးရရှိနိုင်မည့် လမ်းကြောင်းများကိုလည်း ဖော်ပြထားပါသည်။

ကျွန်ုပ်တို့၏ ဖွံ့ဖြိုးရေးမိတ်ဖက်များဖြစ်သော အစိုးရဌာနများ၊ အစိုးရမဟုတ်သောအဖွဲ့အစည်းများ၊ အရပ်ဖက်လူမှုရေးအဖွဲ့အစည်းများ၊ ပုဂ္ဂလိကကဏ္ဍ၊ ဘဏ်များ၊ စာပေပညာရှင်များ၊ သတင်းနှင့် ပြည်သူ့ဆက်သွယ်ရေးအဖွဲ့အစည်းများ၏ အာရုံစိုက်မှုကိုရစေပြီး ကျေးရွာဖွံ့ဖြိုးရေးနှင့် ပတ်သက်သူ မှန်သမျှတို့သည် ဤအစီအစဉ်မှတ်တမ်း၏ အသုံးဝင်မှုများကိုသိရှိစေရန် မျှော်လင့်ပါသည်။

## အစိုးရနှင့် အခြားအဖွဲ့အစည်းများအတွက် အသုံးဝင်မှု

ကျွန်ုပ်တို့၏ကျေးရွာအဆင့် အားထုတ်မှုများအတွက် မူဝါဒနှင့်ဖွံ့ဖြိုးရေးဆိုင်ရာ အကူအညီများကို စုစည်းဆောင်ရွက်ပေးနိုင်ရန် ဤဖွံ့ဖြိုးရေးစီမံချက်ကို မြို့နယ်အဆင့်၊ ပြည်နယ်နှင့် တိုင်းအဆင့်၊ ပြည်ထောင်စုအဆင့် အစိုးရအဖွဲ့အစည်းများအား တင်ပြမည်ဖြစ်ပါသည်။

ပုဂ္ဂလိက ကဏ္ဍအဖွဲ့များအတွက် အသုံးဝင်မှုများအနေဖြင့် ကျေးရွာလူထု၏လိုလားချက်နှင့် ၎င်းတို့၏စီးပွားရေးဆိုင်ရာဝန်ဆောင်မှုများ ချိတ်ဆက်မှုဖွံ့ဖြိုးလာစေရန် ဗျူဟာမြောက်ဆောင်ရွက်လာနိုင်မည်ဖြစ်သည်။

အစိုးရမဟုတ်သောအဖွဲ့အစည်းများ (NGOs)၊ အရပ်ဖက်လူမှုအဖွဲ့အစည်းများ (CSOs) နှင့် အလှူရှင်အဖွဲ့အစည်းများသည် ကျေးရွာလူထု၏ အမှန်တကယ်လိုအပ်ချက်များနှင့် ဦးစားပေးဆောင်ရွက်ရမည့် လုပ်ငန်းများအား ပိုမိုသိရှိလာနိုင်မည်ဖြစ်သည်။

ဘဏ်လုပ်ငန်းရှင်များနှင့် အသေးစားချေးငွေလုပ်ငန်းရှင်များအနေဖြင့် ကျေးလက်ဒေသရှိ ငွေကြေးဆိုင်ရာ လိုအပ်ချက်များအတွက် သတင်းအချက်အလက်များ ပိုမိုသိရှိလာနိုင်မည် ဖြစ်သည်။ သို့မှသာ တစ်နိုင်ငံလုံးအတိုင်းအတာအရ ပါဝင်လှူဒါန်းမည်ဆိုပါက ပိုမိုထိရောက်နိုင်မည် ဖြစ်ပါ သည်။

နည်းပညာအထောက်အပံ့ပေးမည့် အဖွဲ့အစည်းများနှင့် တက္ကသိုလ်များအနေဖြင့် ကျွန်တော်တို့ကျေးရွာနှင့် ကျေးလက်လူထု၏ တိကျသောလိုအပ်ချက်များအား သိရှိလာခြင်းကြောင့် ကျွန်တော်တို့ကျေးရွာနှင့်ဆိုင်သော ၎င်းတို့၏သုတေသနလုပ်ငန်းများကို စီစဉ်ဆောင်ရွက်လာနိုင်မည်ဖြစ် သည်။ လုပ်ငန်းအကြီးစားများမဟုတ်ဘဲ လူထုကိုယ်တိုင် ပါဝင်ဆောင်ရွက်နိုင်သည့် လုပ်ငန်း အသေးစားများဖြစ်၍ လူထုမှလည်း ထိုက်သင့်သည့် လုပ်အားများထည့်ဝင်နိုင်ခြင်း၊ စိတ်ပါဝင်စားမှု၊ ကိုယ်တိုင်ပါဝင်ဆောင်ရွက်နိုင်မှု၊ စိတ်အားထက်သန်မှုနှင့် အတွေ့အကြုံများလည်း ရရှိနိုင်မည်ဖြစ်ပါသည်။

မီဒီယာများ၊ ပြန်ကြားဆက်သွယ်ရေးနှင့် ပြည်သူ့အရေးရပ်တည်မှုပေးသည့် အဖွဲ့အစည်းများ အနေဖြင့် ယုံကြည်ရလောက်သည့် သတင်းအချက်အလက်များကို ရရှိနိုင်မည်။

နိုင်ငံတကာဖွံ့ဖြိုးရေးမိတ်ဖက်များဖြစ်သည့် ကုလသမဂ္ဂအဖွဲ့အစည်းများ၊ နိုင်ငံတကာငွေကြေးဆိုင်ရာအဖွဲ့အစည်းများ (ကမ္ဘာ့ဘဏ်၊ အာရှဖွံ့ဖြိုးရေးဘဏ်)၊ နိုင်ငံတကာအစိုးရမဟုတ်သော အဖွဲ့အစည်းများနှင့် အလှူရှင်အဖွဲ့အစည်းများအနေဖြင့် ၎င်းတို့အချင်းချင်း ပေါင်းစည်းဆောင်ရွက်မှု ပိုမိုကောင်းမွန်စေပြီး ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်များကို မြို့နယ်အဆင့်တွင် ပေါင်းစပ်ညှိနှိုင်းစီစဉ်မှုများ ပြုလာနိုင်ပါမည်။

## ၁.၂ စီမံကိန်း၏လွှမ်းခြုံသက်ရောက်မှု

ယခင်ကဖွံ့ဖြိုးရေးအစီအစဉ်ရေးဆွဲရာတွင် အချိန်ကာလတစ်ခုအတွင်း ကျွန်ုပ်တို့ကိုယ်တိုင်တတ်နိုင်သောငွေကြေး၊ အစိုးရနှင့် အခြားအဖွဲ့အစည်းများထံမှရနိုင်မည့် အကူအညီများကို အခြေခံ

ကာ ဦးစားပေးစီမံကိန်းများချမှတ်ခဲ့ပါသည်။ ယခုအခါ ယင်းသို့မဟုတ်ဘဲ ကျယ်ပြန့်သည့် ဖွံ့ဖြိုးရေး အမြင်ဖြင့် ရေးဆွဲထားပါသည်။

လူထုဦးဆောင်ပါဝင်သည့် လုပ်ကိုင်နည်းဖြစ်သောကြောင့် လူတိုင်းပါဝင်ခွင့်ရရှိပြီး အမြင် ရှင်းလင်းမှုရစေကာ ဖွံ့ဖြိုးမှုဖြစ်စဉ်တွင် လူထုကိုအဓိကနေရာတွင်ထားရှိခြင်းဖြစ်ပါသည်။ ဤသို့ဖြင့် လုပ်ငန်းများကို လူထုပါဝင်၍စုစည်းခြင်း၊ ဦးစားပေးရွေးချယ်ဆောင်ရွက်ခြင်းအားဖြင့် ကျေးရွာလူထု ၏ ဖွံ့ဖြိုးမှုကို တိတိကျကျ ပံ့ပိုးပေးရာရောက်ပါသည်။

ကျွန်ုပ်တို့၏ဖွံ့ဖြိုးရေးအစီအစဉ်ကိုအကောင်အထည်ဖော်ရာတွင် ပစ္စည်းအခက်အခဲ၊ ငွေကြေး အခက်အခဲ၊ နည်းပညာအခက်အခဲများရှိနိုင်ပါသည်။ သို့ဖြစ်၍ လက်တွေ့အကောင်အထည်ဖော်ရာ တွင် ကျွန်ုပ်တို့ ကျေးရွာဖွံ့ဖြိုးရေးလိုအပ်ချက်များအား အများဆုံးနှင့် အထိရောက်ဆုံး ဖြည့်ဆည်းနိုင် မည့်စီမံကိန်းများကို ဦးစားပေးရွေးချယ်ဆောင်ရွက်ပါမည်။ ကျွန်ုပ်တို့၏ စွမ်းရည်နှင့် လိုအပ်သော အရင်းအနှီးများ ပြည့်စုံမှုပေါ်မူတည်၍ နောင်တွင် တဖြည်းဖြည်းတိုးချဲ့ဆောင်ရွက်သွားမည့် အစီအစဉ် မျိုးဖြစ်ပါသည်။

## ၂။ ပထဝီအနေအထားနှင့် သဘာဝသယံဇာတအရင်းအမြစ်များ

### (က) တည်နေရာ၊ ရာသီဥတုနှင့် မြေမျက်နှာသွင်ပြင်အနေအထား

ဧရာဝတီတိုင်းဒေသကြီး၊ ကန်ကြီးထောင့်မြို့နယ်၊ ညောင်ဝိုင်းကျေးရွာအုပ်စု၊ ညောင်ဝိုင်း ကျေး ရွာသည် ကံကုန်း-မြောင်းမြလမ်းခွဲမှ ကျိုက်လတ်-ပေါက်ကျွန်း-စက်ကုန်းလမ်း၊ ထိုမှတစ်ဆင့် ဖျံကြီး ကျေးရွာလမ်းခွဲမှ လာရောက်နိုင်ပြီး လမ်းခရီးအရ မြို့နှင့် အနည်းငယ်အလှမ်းဝေးပါသည်။ မြေပြန့် ဒေသဖြစ်သောကြောင့် အဓိကအသက်မွေးဝမ်းကျောင်းလုပ်ငန်းမှာ စိုက်ပျိုးရေးလုပ်ငန်းဖြစ်ပါသည်။ ကျေးရွာ၏ ပတ်လည်တွင် လယ်ကွင်းများ၊ ချောင်းနှင့် အခြားကျေးရွာများ ရှိပါသည်။

### (ခ) သဘာဝအရင်းအမြစ်

ကျေးရွာတွင် ဖျံကြီးချောင်းရှိပြီး နွေစပါးစိုက်ပျိုးရန် အထောက်အကူပြုပါသည်။ လယ်ယာမြေ များမှာ မြေဆီသြဇာ အသင့်အတင့်ကောင်းမွန်ပါသည်။ ကျေးရွာတွင် စပါးစိုက်ပျိုးမြေဧက (၆၀၀) ခန့်၊ ဥယျာဉ်ခြံ (၁၅) ဧကခန့်ရှိပါသည်။ ချောင်းစပ်များတွင် ဓနိများလည်း စိုက်ပျိုးကြပါသည်။ ကျေးရွာ တွင် သဘာဝတွင်းထွက်သယံဇာတများမရှိပါ။ သဘာဝတိရိစ္ဆာန်မျိုးစိတ်များလည်း ရရှိနိုင်မှုနည်းပါး သွားပြီ ဖြစ်ပါသည်။ ဆေးဖက်ဝင်အပင်များမှာလည်း သာမန်တွေ့ရသောအပင်များသာ ဖြစ်ပါသည်။

## ၃။ ကျေးရွာလူမှုဖွံ့ဖြိုးတိုးတက်ရေးအခြေအနေ

### (က) လူဦးရေဆိုင်ရာအချက်အလက်များ

အိမ်ထောင်စုပေါင်း (၁၀၅) စုနှင့် ကျား (၁၉၃)၊ မ(၂၁၉) ဦးဖြင့် လူဦးရေပေါင်း (၄၁၂) ဦး ရှိကာ

တစ်အိမ်ထောင်လျှင် ပျမ်းမျှ (၃.၉) ဦးနှုန်းရှိပြီး နိုင်ငံတော်၏ တစ်အိမ်ထောင်ပျမ်းမျှနှုန်း (၅) ဦးထက် လျော့နည်းပါသည်။ ကျေးရွာတွင် ကရင် (ဗုဒ္ဓ) လူမျိုးများနေထိုင်ကြပြီး အလုပ်လုပ်နိုင်သည့် အရွယ် သည် ကျေးရွာရှိလူဦးရေအားလုံး၏ ၇၅% ခန့်ရှိပြီး အမျိုးသမီးဦးရေစုစုပေါင်းမှာ အမျိုးသားအရေအတွက် နှင့် အလွန်ကွာခြားမှုမရှိသဖြင့် အမျိုးသမီးများလုပ်ကိုင်နိုင်သည့် အလုပ်များကိုပါ ထည့်သွင်းစဉ်းစား ပြီး အလုပ်အကိုင်များကို ဖန်တီးပေးနိုင်ပါက လူ့စွမ်းအားအရင်းအမြစ်ကို ထိရောက်စွာ အသုံးချနိုင်ပြီး ကျေးရွာဖွံ့ဖြိုးရေးအတွက် ပိုမိုအထောက်အကူပြုစေနိုင်ပါမည်။

### (ခ) စီးပွားရေးအခြေအနေ - ဝင်ငွေ၊ ပိုင်ဆိုင်မှုနှင့် မမျှတမှု

အဓိကဝင်ငွေရလုပ်ငန်းသည် စိုက်ပျိုးရေးဖြစ်ပြီး တစ်နိုင်တစ်ပိုင် မွေးမြူရေးမှလည်း ဝင်ငွေ အသင့်အတင့်ရရှိပါသည်။ တစ်ရွာလုံး၏ဝင်ငွေအနေအထားမှာ သာမန်အားဖြင့် အသင့်အတင့်ကောင်း မွန်ပါသည်။ ဆင်းရဲချမ်းသာအဆင့်သတ်မှတ်မှုတွင် မိမိတို့ကျေးရွာ အနေအထားဖြင့်ကြည့်သော် အိမ် ထောင်စုအားလုံး၏ ၇၈.၁% ခန့်သည် ဆင်းရဲနှင့်အလွန် အိမ်ထောင်စုအဆင့်အဖြစ် သတ်မှတ်ကြပြီး ၇.၆% သည် အဆင်ပြေသည့်အဆင့်၊ ၁၄.၃% သည် အလယ်အလတ်အဆင့်ရှိကြသည်ဟု သတ်မှတ် ကြသည်။ ကျေးရွာတွင် လယ်ယာမြေပိုင်ဆိုင်မှု၊ လက်လှမ်းမီမှုနှင့် လယ်ယာသုံးစက်ကိရိယာများပိုင်ဆိုင် မှု အသင့်အတင့်ရှိပါသည်။ ကျေးရွာတွင် မြေယာမဲ့အိမ်ထောင်စုအရေအတွက် ၄၃% ခန့်ထိရှိကာ ဆင်းရဲ၊ အလွန် ဆင်းရဲအဆင့်ရှိ အိမ်ထောင်စုများပါဝင်ကြသည်။

### (ဂ) ဆင်းရဲနွမ်းပါးမှုနှင့် ထိခိုက်လွယ်မှု

ကျေးရွာတွင် မြေယာမဲ့အိမ်ထောင်စုအရေအတွက်မှာ နှစ်ပုံတစ်ပုံနီးပါးခန့်ရှိသော်လည်း ရာသီ အလိုက် စိုက်ပျိုးရေးလုပ်ငန်းများတွင် အဓိကဝင်ရောက်လုပ်ကိုင်ကြပြီး ဆောက်လုပ်ရေးလုပ်ငန်း၊ လက်လီဈေးရောင်း၊ ခေါင်းရွက်ဗျပ်ထိုးလုပ်ငန်း၊ သယ်ယူပို့ဆောင်ရေး စသည်တို့တွင်လည်း ကျပန်း အဖြစ်လုပ်ကိုင်ကြသည်။ ကျေးရွာမှ ဆင်းရဲနှင့် အလွန်ဆင်းရဲအိမ်ထောင်စုများ၏ သုံးပုံတစ်ပုံအား လေ့လာဆန်းစစ်မှုအရ ၎င်းတို့၏ ၅၁.၉% မှာ သူတပါးထံမှ မချေးမငှားပဲ ၃ လအောက်ထိ ဝမ်းစာဖူလုံ မှုရှိခြင်း၊ ၂၉.၆ % မှာ ၃ လ မှ ၆ လထိ ဝမ်းစာဖူလုံကြောင်း နှင့် ကျန် ၁၈.၅% မှာ ၆ လမှ ၁၂ လအထိသာ ဝမ်းစာဖူလုံကြောင်းတွေ့ရှိရပါသည်။ ကျေးရွာတွင် ချေးငွေအများစုကို လယ်ယာစိုက်ပျိုးရေးဘဏ်၊ ကျေးရွာသမဝါယမအသင်း၊ Pact Myanmar ငွေစုငွေချေးအသင်းနှင့် ဆွေမျိုးများ၊ မိတ်ဆွေများ၊ ငွေ တိုးချေးသူများထံမှလည်း ချေးယူရရှိကြသည်။ ချေးငွေများကို စားသုံးရန်၊ ရင်းနှီးမြှုပ်နှံရန်နှင့် ကျန်းမာ ရေးကိစ္စရပ်များ၊ ဝင်ငွေရအလုပ်အကိုင်များ၊ ပညာရေးတို့အတွက် သုံးစွဲကြသည်။

ကျေးရွာ၏ ထိခိုက်သက်ရောက်မှု အမျိုးအစားတွင် စားနပ်ရိက္ခာမဖူလုံမှု၊ တိရိစ္ဆာန်ရောဂါကျ ရောက်မှုကို အသင့်အတင့်အနေအထားတွေ့ရှိရသည်။ မြေယာမဲ့ ဆင်းရဲသားတောင်သူများ၊ လက်လုပ်

လက်စားကျပန်းများအတွက် ထိခိုက်သက်ရောက်မှုမြင့်မားပြီး ရွှေ့ပြောင်းလုပ်သားများအတွက် အသင့်အတင့် ထိခိုက်လွယ်ပါသည်။

## (ဃ) ကျန်းမာရေးနှင့် အာဟာရ

ကျေးရွာတွင် ရွာသားအများစုသည် သာမန်အားဖြင့် ကျန်းမာရေးကောင်းမွန်ကြပြီး အာဟာရပြည့်ဝမှုရှိပါသည်။ ကလေးငယ်အများစုသည် ကျန်းမာသော်လည်း တစ်ခါတစ်ရံ ရာသီအကူးအပြောင်းတွင် ဖြစ်ပွားတက်သော ရာသီတုပ်ကွေး၊ သွေးလွန်တုပ်ကွေးနှင့် ကိုယ်ပူခေါင်းကိုက်များ ဖြစ်လေ့ရှိပါသည်။ အခြေခံကျန်းမာရေးစောင့်ရှောက်မှုများအနေဖြင့် ကျေးရွာမှ စက်လှေဖြင့် ၂၀ မိနစ်ခန့်သွားလျှင်ရောက်သော အိမ်မဲမြို့နယ် ခေါင်လန်ကုန်းကြီးရွာသို့ သွားရောက်ကုသနိုင်ပါသည်။

ကျေးရွာတွင် မြေသားရေကန်မှ ရေကို သောက်သုံးကြရပါသည်။

## (င) ပညာရေးနှင့် ကျွမ်းကျင်မှုများ

ကျေးရွာရှိ ရွာသားအများစုသည် အခြေခံအရေး၊ အဖတ်၊ အတွက်တို့ကို တတ်မြောက်ကြပြီး စာမတတ်သူဦးရေ အသင့်အတင့်လည်းရှိပါသည်။ ကျေးရွာတွင် မူလတန်းကျောင်းရှိပြီး အလယ်တန်းနှင့်အထက်တန်းပညာကို ချောင်းတစ်ဖက်ကမ်းရှိ အိမ်မဲမြို့နယ် ညောင်ဝိုင်းကြီးရွာသို့ သွားရောက်သင်ယူရပါသည်။ တက္ကသိုလ်ပညာရေးကို ပုသိမ်မြို့တွင်သင်ကြားနိုင်ပါသည်။ သို့သော် အသက်မွေးဝမ်းကျောင်းလုပ်ငန်းများဆိုင်ရာ ကျွမ်းကျင်မှုများမှာနိမ့်ကျဆဲဖြစ်ပြီး လူငယ်လူရွယ်များအတွက် ကျွမ်းကျင်မှုအခြေခံသည့် အလုပ်အကိုင် အခွင့်အလမ်းများသည်လည်း နည်းပါးဆဲဖြစ်သည်။

## (စ) ကျားမဆိုင်ရာဆက်နွယ်မှု

ကျေးရွာတွင် ကျားမဆိုင်ရာ ဆက်နွယ်မှုအနေအထားမှာ တည်ငြိမ်ကောင်းမွန်ပါသည်။ ကျား နှင့် မ အကြား ပြင်းထန်သော အိမ်တွင်းအကြမ်းဖက်မှုနှင့် ခွဲခြားဆက်ဆံခြင်းကိစ္စများ မတွေ့ရပါ။

ကျေးရွာ၏ ပညာရေးနှင့်ဆိုင်သော ကိန်းဂဏန်းများတွင် မူလတန်း၊ အလယ်တန်းနှင့် အထက်တန်းများရှိ ကျား၊ မ အရေအတွက်မှာ အလွန်ကွာခြားမှုမရှိသဖြင့် အမျိုးသား၊ အမျိုးသမီးများသည် သာမန်အားဖြင့် ပညာရေးနှင့် အခြားနယ်ပယ်များတွင် အခွင့်အရေးတူညီစွာရရှိသည်ဟု ယေဘုယျပြောနိုင်ပါသည်။ ကျေးရွာ၏ သာရေး၊ နာရေး၊ လူမှုရေး ဆိုင်ရာကိစ္စများတွင်လည်း အမျိုးသမီး ပါဝင်မှုရှိပါသည်။ ကျား/မ တန်းတူညီမျှမှုနှင့် ပတ်သက်၍ အသိပညာပေးခြင်းများ မြှင့်တင်ဆောင်ရွက်ပေးခြင်းဖြင့် ကျားမတန်းတူညီမျှမှု၊ ဖွံ့ဖြိုးမှုတို့အတွက် ပိုမိုအထောက်အပံ့ဖြစ်လာနိုင်ပါသည်။

## ၄။ ကဏ္ဍာအသီးသီး၏လက်ရှိဖွံ့ဖြိုးမှုအခြေအနေများ

## (က) ဖွံ့ဖြိုးရေးဆိုင်ရာစီမံအုပ်ချုပ်မှု

ကျေးရွာတွင် အသင်းအဖွဲ့များ သီးသန့်ဖွဲ့စည်းထားခြင်း မရှိသော်လည်း ကျေးရွာ၏ သာရေး၊

နာရေး လူမှုရေးလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်ကြပါသည်။ စီးပွားရေးနှင့်ပတ်သက်သော အဖွဲ့အနေဖြင့် စိုက်ပျိုးရေး၊ မွေးမြူရေး သမဝါယမအသင်း၊ Pact Myanmar ငွေစုငွေချေးအဖွဲ့တို့ရှိပြီး ပြည်သူများမှာ အဖွဲ့ဝင်များအဖြစ် ပါဝင်ကြသည်။

## (ခ) သီးနှံ၊ သားငါး ထုတ်လုပ်ရေးကဏ္ဍ

ကျေးရွာတွင် စပါးကို အဓိကထားစိုက်ပျိုးကြပြီး အချို့အိမ်ထောင်စုများမှာ သီးပင်စားပင်များ တနိုင်တပိုင် စိုက်ပျိုးကြသည်။ ကျေးရွာအတွင်း စပါးစိုက်ဧက (၆၀၀) ဧကခန့်နှင့် ဥယျာဉ်မြေ (၁၅) ဧကခန့်ရှိပါသည်။ မိုးစပါး တစ်ဧကလျှင် ပျမ်းမျှ (၅၀) တင်းခန့်ထွက်ရှိပြီး နွေစပါးတစ်ဧက ပျမ်းမျှအထွက်နှုန်းမှာ (၈၀) တင်းနှုန်းထွက်ရှိသည်။ ပဲများလည်း စိုက်ပျိုးကြသည်။ ရွှေ့ပြောင်းလုပ်သား အသင့်အတင့်ရှိသော်လည်း ကျပန်းလုပ်ကိုင်သူများပြား၍ လုပ်သားအသင့်အတင့်ရရှိနိုင်သည်။ မိုးစပါးအတွက် မိုးရေနှင့် နွေစပါးအတွက် ချောင်းမှရေဖြင့် စိုက်ပျိုးကြပါသည်။

ကျေးရွာတွင် ကိုယ်ပိုင် လက်တွန်းထွန်စက်၊ ခြွေလှေ့စက်၊ ရေစုပ်စက်များဖြင့် လုပ်ကိုင်ကြသူများရှိသကဲ့သို့ လယ်ကေနည်းသူများမှာ ငှားရမ်း၍ ထွန်ယက်စိုက်ပျိုးကြပါသည်။ ကျေးရွာတွင် စပါးကို အဓိကစိုက်ပျိုးသဖြင့် ကျေးရွာမှ နေ့စားအလုပ်သမားများအတွက် အလုပ်အကိုင်အသင့်အတင့် ရရှိကြသည်။

ကျေးရွာတွင် နွားအစား စက်ပစ္စည်းများ အစားထိုးသုံးစွဲနေပြီဖြစ်ပါသည်။ ဝက်မွေးသူအိမ်ထောင်စုမှာ တစ်ရွာလုံး၏ ၃၀%၊ ကြက်နှင့် ဘဲမွေးမြူသူ ၇၀ % ခန့်ဝန်းကျင်ရှိပါသည်။ ဝက်ကို စီးပွားဖြစ်မွေးမြူသည့် အိမ်ထောင်စုနှစ်စုရှိပါသည်။ ရာသီအလိုက် ဖြစ်ပွားတက်သော ကြက်နာ၊ ဝက်နာရောဂါ တခါတရံ ကျရောက်တက်ပါသည်။ အရေးပေါ်ငွေလိုအပ်ချိန်တွင် မွေးမြူရေးမှလည်း ဝင်ငွေအသင့်အတင့်ရရှိသဖြင့် အသုံးတည့်သည့် လုပ်ငန်းတစ်ခုဖြစ်ပါသည်။

## (ဂ) စိုက်ပျိုးမွေးမြူရေးမဟုတ်သော အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ

ကျေးရွာတွင် အိမ်တွင်းမှုကုန်ထုတ်လုပ်ငန်းများမရှိပါ။ အခြားကျေးရွာ၊ မြို့များသို့ နေ့စားအဖြစ် သွားရောက်လုပ်ကိုင်သူများရှိပါသည်။ အခြားဝင်ငွေရလုပ်ငန်းများမှာ ဈေးရောင်းခြင်း၊ သယ်ယူပို့ဆောင်ရေး၊ ပန်းရံ/ လက်သမား၊ အစိုးရဝန်ထမ်းနှင့် ကျပန်းအလုပ်တို့ဖြစ်ကြသည်။ လုပ်ငန်းအများစုမှာ ရာသီဥတုနှင့် အမျိုးအစားအလိုက် တွက်ခြေကိုက်မှုအနည်းအပါးမှ အသင့်အတင့်အနေအထားတွင်ရှိသည်။ ကျပန်းအလုပ်သမားများအတွက် အလုပ်မှာ အဆင်သင့်မရှိဘဲ ရာသီအလိုက် ပေါ်ပေါက်လာသော အလုပ်ကိုသာ လုပ်ကိုင်ကြရပါသည်။

ကျေးရွာတွင် အလုပ်လုပ်နိုင်သောဦးရေ အသင့်အတင့်ရှိပြီး လူ့အရင်းအမြစ် အလားအလာကောင်းတစ်ရပ်ဖြစ်သည်။ ကျေးရွာတွင် အလုပ်အကိုင်အခွင့်အလမ်း ခက်ခဲမှုများကြောင့် ကန်ကြီးထောင့်မြို့၊ ပုသိမ်၊ ရန်ကုန်မြို့ကြီးများတွင်လည်းကောင်း အသိအကျွမ်း၊ ဆွေမျိုးအပေါင်းအဖော်တို့ကို တည်မှီ၍

အလုပ်သွားရောက်လုပ်ကိုင်ကြပါသည်။ လုပ်ငန်းခွင်သုံး ပညာအရည်အချင်းပိုင်းတွင်လည်း အနည်းငယ်နိမ့်ကျခြင်း၊ သင်တန်းတက်ရောက်ရန် နေရာ/ ငွေကြေး လုံလောက်မှုမရှိခြင်းတို့ကြောင့် ဝါသနာပါရာနှင့် အသက်မွေးဝမ်းကျောင်းဆိုင်ရာ လုပ်ငန်းကျွမ်းကျင်မှုအခြေခံသည့် အလုပ်အကိုင်ရရှိမှု အားနည်းသည်။

## (ဃ) သဘာဝပါတ်ဝန်းကျင်နှင့် သယံဇာတစီမံခန့်ခွဲမှု

ကျေးရွာရှိ စပါးစိုက်ခင်းများတွင် ဖျက်ပိုးများကျရောက်တတ်ခြင်း၊ ပိုးသတ်ဆေးနှင့် ဓာတုမြေဩဇာသုံးစွဲမှုများပြားခြင်းတို့ကြောင့် မြေဆီလွှာအရည်အသွေးများ ကျဆင်းလာနိုင်ပါသည်။ ဓာတု ပိုးသတ်ဆေး အသုံးပြုမှုများပြားသဖြင့် နောင်တွင် မြေဆီလွှာများပျက်စီးကာ စပါးအထွက်နှုန်း လျော့ကျလာနိုင်ပါသည်။ စွန့်ပစ်ပစ္စည်းစီမံခန့်ခွဲမှုတွင်လည်း ပလပ်စတစ်အိတ်ခွံ၊ ပုလင်းခွံ၊ ဗူးခွံများကို စနစ်တကျ မစွန့်ပစ်ကြသဖြင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ အသိပညာပေးလုပ်ငန်းများ မြှင့်တင်ဆောင်ရွက် ပေးသင့်သည်။

ဤကျေးရွာမှာ မြေပြန့်ဒေသအပိုင်းတွင် တည်ရှိပါသည်။ မြေပြန့်ဒေသဖြစ်သော်လည်း မြေနိမ့်ပိုင်းများရှိသဖြင့် မိုးတွင်းကာလတွင် လယ်ယာမြေအတွင်းသို့ ရေဝပ်သဖြင့် သီးနှံပျက်စီးမှုများ ဖြစ်တက်ပါသည်။ ကျေးရွာပတ်လည်တွင် ချောင်း၊ လယ်ယာမြေများ၊ သစ်ပင်များဖြင့် စိုပြည်နေသောကြောင့် မိုးခေါင်ခြင်း အန္တရာယ် အလွန်နည်းပါးပါသည်။

## (င) ဘဏ်နှင့်ငွေကြေးဆိုင်ရာ ဝန်ဆောင်မှု

ကျေးရွာမှတောင်သူများသည် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ ထုတ်ချေးသော ချေးငွေကို တစ်လအတိုးနှုန်း ၇ဝ ပြားတိုး၊ တစ်ဧက တစ်သိန်းခွဲကျပ်နှုန်းဖြင့် အများဆုံး ဆယ်ဧကအတွက် ချေးယူနိုင်ကြသည်။ အစိုးရ မဟုတ်သည့် ဟာနာနှင့် Pact Myanmar ငွေချေးအဖွဲ့မှလည်း ချေးငွေကို ရရှိနိုင်ပြီး လစဉ် အတိုးနှင့် အရင်း ပေးသွင်းရမှုများရှိပါသည်။

ကျေးရွာသားအများစုသည် ချေးငွေကို စိုက်ပျိုးရေးအတွက်သာမက ရိက္ခာ၊ ဝင်ငွေရလုပ်ငန်း၊ ကျန်းမာရေး၊ ပညာရေးဆိုင်ရာကိစ္စရပ်များအတွက် ရောယှက်သုံးစွဲရပါသည်။

## (စ) ပညာရေး၊ ကျန်းမာရေး၊ ရေနှင့်ပတ်ဝန်းကျင်သန့်ရှင်းရေး

ကျေးရွာတွင် မူလတန်းကျောင်းရှိပြီး ၆ဝ’×၃ဝ’ ရှိ RC ကွန်ကရစ် စာသင်ဆောင် ၁ ဆောင်နှင့် ဝါးကျောင်းဆောင် (၁) ဆောင်ရှိပါသည်။ သစ်သားဖြင့်ဆောက်လုပ်ထားသော ဆရာ/ ဆရာမ ဝန်ထမ်းအိမ်ရာ (၁) ဆောင်လည်းရှိပါသည်။ အလယ်တန်းနှင့် အထက်တန်းပညာကို ချောင်းတစ်ဖက်ကမ်းကူး၍ အိမ်မဲမြို့နယ် ညောင်ဝိုင်းကြီးကျေးရွာသို့ သွားရောက်သင်ယူရပါသည်။

အခြေခံကျန်းမာရေးစောင့်ရှောက်မှုများကိုလည်း စက်လှေဖြင့် ၂ဝ မိနစ်ခန့်သွားရသည့် အိမ်မဲ

မြို့နယ်အတွင်းရှိ ခေါင်လန်ကုန်းကြီးရွာသို့ အနီးဆုံး သွားရောက်ကုသနိုင်ပါသည်။ သောက်သုံးရေအတွက် မြေသားရေကန်မှ ရေကို သောက်သုံးကြပါသည်။

## (ဆ) လူငယ်နှင့် ယဉ်ကျေးမှု

လူငယ်များအတွက် အပန်းဖြေအနားယူနိုင်မည့် သတ်မှတ်နေရာများမရှိသော်လည်း ညနေပိုင်းတွင် မြေကွက်လပ်များ၌ ခြင်းလုံးခတ်ခြင်း၊ ပိုက်ကျော်ခြင်း ဆော့ကစားခြင်းတို့ ပြုလုပ်ကြပါသည်။ ကျေးရွာရှိ လူမှုရေးလုပ်ငန်းများတွင်လည်း တစ်ဖက်တစ်လမ်းမှ ပူးပေါင်းပါဝင်ဆောင်ရွက်ကြပါသည်။

## (ဇ) အခြေခံ အဆောက်အဦ - လမ်းတံတား၊ လျှပ်စစ်စွမ်းအား၊ သတင်းနှင့် ဆက်သွယ်ရေး

ညောင်ဝိုင်းကျေးရွာတွင်းလမ်းမှာ မြေသားလမ်းဖြစ်ပြီး ယခုစာအုပ် စတင်ပြုစုသည့် (၂၀၁၇-၂၀၁၈) ခုနှစ်တွင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ကျေးရွာဖွံ့ဖြိုးရေးရန်ပုံငွေဖြင့် ဂဝံမြေနီလမ်းခင်းထားပြီးဖြစ်ပါသည်။ ရွာချင်းဆက်လမ်းအနေဖြင့် ဖျံကြီးကျေးရွာနှင့်ဆက်သောလမ်းရှိပြီး ၄ ပေအကျယ် ဂဝံလမ်းသာဖြစ်ပါသည်။ ကျေးရွာတွင် တံတားအနေဖြင့်လည်း အဆိုပါ ဖျံကြီးကျေးရွာနှင့်ဆက်သော ချောင်းကိုကူးသည့် ထန်းသားဖြင့် ဆောက်လုပ်ထားသော ၁၅၀'×၄'×၁၅' ရှိ တံတားရှိပါသည်။

မိမိတို့ကျေးရွာမှာ မြစ်ချောင်းများခြားနေခြင်း၊ မဟာဓာတ်အားလိုင်းနှင့် ဝေးကွာခြင်းများကြောင့် လျှပ်စစ်မီးဆောင်ရွက်၍ မရသေးပါ။ ယခုအခါ ဆိုလာ၊ ဘတ္တရီ၊ ဖယောင်းတိုင်မီး၊ ရေနံဆီမီးခွက်တို့ကိုသာ အသုံးပြုနေကြရပါသည်။

ကျေးရွာတွင် မိုဘိုင်းဖုန်းဆက်သွယ်ရေးကို လက်လှမ်းမှီအသုံးပြုနိုင်ကြသည်။ အိမ်တိုင်းနီးပါးမှျ လက်ကိုင်ဖုန်းအသုံးပြုနေကြပြီဖြစ်သည်။ တစ်ရွာလုံးအတိုင်းအတာဖြင့် တယ်လီဖုန်းနှင့် သတင်းဆက်သွယ်ရေးမှာ အသင့်အတင့်သာ ကောင်းမွန်ကြောင်း တွေ့ရှိရပါသည်။

## (ဈ) တည်ငြိမ်အေးချမ်းမှုနှင့်ပြည်သူ့လုံခြုံရေး

ကျေးရွာတွင် ရာဇဝတ်မှုခင်း ဖြစ်ပွားမှုနည်းပါးပြီး တည်ငြိမ်အေးချမ်းမှုရှိပါသည်။ ရွာသားများသည် ကန်ကြီးထောင့်ရဲစခန်းသို့ အလွယ်တကူချိတ်ဆက်နိုင်ပြီး ရာဇဝတ်မှု ဖြစ်ပွားခြင်းနည်းပါးသည်။

## ၅။ ကျေးရွာဖွံ့ဖြိုးရေးအတွက် အဟန့်အတားနှင့် စိန်ခေါ်မှုများ

ကျေးရွာအနေအထားအရ ယေဘုယျအားဖြင့် အဟန့်အတားစိန်ခေါ်မှုများအဖြစ် ရွာတွင်းလမ်း ရွာချင်းဆက်လမ်းနှင့် တံတားများ ပျက်စီးခြင်း၊ ကျန်းမာရေးဆိုင်ရာ အထောက်အပံ့များမရှိခြင်း၊ ကျောင်းဝန်ထမ်းအိမ်ရာမရှိခြင်း၊ စိုက်ပျိုးရေးနည်း ပညာများနှင့် စက်ကိရိယာများအားနည်းခြင်း၊ လျှပ်စစ်မီး မရရှိခြင်းတို့မှာ အဓိက အဟန့်အတားများ အဖြစ်ရှိနေပါ သည်။

## ၆။ ပန်းတိုင်နှင့် မဟာဗျူဟာ

### (က) ဖွံ့ဖြိုးရေးပန်းတိုင်

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ အဖွဲ့နှင့် တိုင်ပင်ညှိနှိုင်းပြီးလာမည့် ငါးနှစ်တာကာလအတွက် ကျေးရွာဖွံ့ဖြိုးရေးပန်းတိုင်များကို အောက်ပါအတိုင်း ချမှတ်ထားပါသည်_

က.၁) ကျေးရွာအတွင်း အခြေခံအဆောက်အဦများရရှိရေး ဆောင်ရွက်ခြင်းဖြင့် လမ်းပန်းဆက်သွယ်ရေးနှင့် လူမှုစီးပွားဘဝကို တိုးတက်ရရှိစေမည်။

က.၂) ကျန်းမာရေးဆိုင်ရာ အထောက်အပံ့များရရှိရန် ဆောင်ရွက်ခြင်းဖြင့် ကျေးရွာ၏ ကျန်းမာရေး ကဏ္ဍကို မြင့်မားစေမည်။

က.၃) ပညာရေးဆိုင်ရာ အထောက်အပံ့များရရှိရန် ဆောင်ရွက်ခြင်းဖြင့် ကျေးရွာ၏ ပညာရေးကဏ္ဍကို မြင့်မားစေမည်။

က.၄) မီးလင်းရေးဆိုင်ရာ အထောက်အပံ့များရရှိရန် ဆောင်ရွက်ခြင်းဖြင့် ကျေးရွာ၏ လူမှုစီးပွား ကဏ္ဍကို မြင့်မားစေမည်။

က.၅) စိုက်ပျိုးရေးနှင့်ဆိုင်သော အထောက်အပံ့များ ရရှိအောင် ဆောင်ရွက်ခြင်းဖြင့် ကျေးရွာပြည်သူလူထု၏ စိုက်ပျိုးရေးကဏ္ဍကို ရရှိစေနိုင်မည်။

### (ခ) အကောင်အထည်ဖော်နည်းဗျူဟာ

ကျွန်ုပ်တို့သည် အထက်တွင်ဖော်ပြထားသော ကျေးရွာဖွံ့ဖြိုးရေးပန်းတိုင်များကို ရောက်ရှိရန် အောက်ပါအကောင်အထည်ဖော်မှုများကို ဆောင်ရွက်သွားကြမည် -

ခ.၁) အခြေခံအဆောက်အဦဖြစ်သည့် ကျေးရွာတွင်းလမ်း၊ ရွာချင်းဆက်လမ်းနှင့် တံတားများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် သက်ဆိုင်ရာဌာနများနှင့် ချိတ်ဆက် ဆောင်ရွက်သွားမည်။

ခ.၂) ကျန်းမာရေးဆိုင်ရာ အထောက်အပံ့အဖြစ် ဆေးပေးခန်းရရှိရေး ကျန်းမာရေး ဦးစီးဌာနနှင့် ချိတ်ဆက်ဆောင်ရွက်သွားမည်။

ခ.၃) ပညာရေးဆိုင်ရာ အထောက်အပံ့အဖြစ် စာသင်ကျောင်းဆောင်နှင့် ဆရာ/ ဆရာမများအတွက် ဝန်ထမ်းအိမ်ရာ တည်ဆောက်နိုင်ရန် ပညာရေး ဦးစီးဌာနနှင့် ချိတ်ဆက်ဆောင်ရွက် သွားမည်။

ခ.၄) မီးလင်းရေးဆိုင်ရာ အထောက်အပံ့အဖြစ် ဆိုလာမီးလင်းရေး ရရှိရန် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနနှင့် ချိတ်ဆက်ဆောင်ရွက်သွားမည်။

၁.၅) စိုက်ပျိုးရေးဆိုင်ရာ အထောက်အပံ့အဖြစ် စိုက်ပျိုးရေးနည်းပညာနှင့် လယ်ယာသုံး စက်ကိရိယာများ ဈေးနှုန်းသက်သာစွာ ငှားရမ်းနိုင်ရေး သက်ဆိုင်ရာဌာနများနှင့် ချိတ်ဆက်ဆောင်ရွက်မည်။

## ၇။ ကျေးရွာဖွံ့ဖြိုးတိုးတက်မှုကိစ္စရပ်များနှင့် ဗဟိုအဆင့်မူဝါဒများအကြား အစီအစဉ်ကျသော ချိတ်ဆက်မှုများ

အစိုးရ၏မူဝါဒနှင့် လုပ်ငန်းအစီအစဉ်တို့ကို ရင်းနှီးကျွမ်းဝင်ပြီးသော အစိုးရဌာနဆိုင်ရာများနှင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ နည်းပညာအကြံပေးအဖွဲ့တို့၏ အကြံပြုချက်အရ ပြုစုဖော်ပြထားပါသည်။ ဤအဖွဲ့အစည်းများအနေဖြင့် နိုင်ငံတော်အဆင့်မှသည် ဒေသဆိုင်ရာအဆင့်၊ ထိုမှတစ်ဆင့် ကျွန်ုပ်တို့ကျေးရွာအဆင့်ထိ ပံ့ပိုးမှုပေးနိုင်မည့် အစိုးရဌာနများနှင့် အဖွဲ့အစည်းများကို ရှာဖွေဖော်ထုတ်ပေးနိုင်ကြပါမည်။

### (က) ကျေးရွာဖွံ့ဖြိုးရေးရည်မှန်းချက်ရေးဆွဲခြင်းနှင့် ပုံမှန်စိစစ်ခြင်း

ဤကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်လုပ်ငန်းအား နည်းပညာအထောက်အပံ့များ ပံ့ပိုးပေးမှုသည် အလွန်အရေးပါပါသည်။ အနာဂါတ်တွင်လည်း ရေရှည်တည်တံ့မည့်အထောက်အပံ့များကို နိုင်ငံတော်အစိုးရထံမှရရှိမည်ဟုမျှော်လင့်ပါသည်။ ကျွန်ုပ်တို့ကျေးရွာသားများကိုယ်တိုင် အားထုတ်လုပ်ကိုင် ရရှိခဲ့မှုများကို ပြန်လည်စိစစ်ခြင်း၊ နောက်ဆုံးအတည်ပြုထားသည့် ဖွံ့ဖြိုးရေးအစီအစဉ်များကိုလည်း သတ်မှတ်ကာလအတိုင်း ပုံမှန်စိစစ်သွားနိုင်ပါမည်။ အရေးကြီးသည့်အချက်မှာ ဦးစားပေးစီမံချက်များနှင့် ဘတ်ဂျတ်ပမာဏပါဝင်သည့် နှစ်ပတ်လည်ဖွံ့ဖြိုးရေးစီမံချက်ပြင်ဆင်ရန်ဖြစ်သည်။

### (ခ) ကျေးရွာတွင်း အခြေခံအဆောက်အဦများ ရရှိနိုင်ရေးဆောင်ရွက်ခြင်း

ကျေးရွာတွင်းလမ်းမှာ မြေသားလမ်းအား ၂၀၁၇-၂၀၁၈ ခုနှစ်တွင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ကျေးရွာဖွံ့ဖြိုးရေးရန်ပုံငွေဖြင့် ဂဝံမြေနီလမ်းခင်းထားပြီးဖြစ်သော်လည်း ယခုစာအုပ်ပြန်လည်ပြင်ဆင်ချိန်တွင် မိုးများသည့်ကာလများကြောင့် အနည်းငယ်ပျက်စီးနေ၍ ပြန်လည်ပြုပြင်ရန်လိုအပ်ပါသည်။ ရွာချင်းဆက်လမ်းဖြစ်သည့် ဖျုံကြီးကျေးရွာနှင့်ဆက်သော လမ်းမှာလည်း ၄ ပေအကျယ် ဂဝံလမ်းဖြစ်သဖြင့် လမ်းအကျယ်ချဲ့ကာ ကျောက်ချောလမ်းခင်းရန်၊ အဆိုပါ ဖျုံကြီးနှင့်ဆက်သော ချောင်းကူးသည့် ထန်းသားဖြင့်ဆောက်လုပ်ထားသော တံတားမှာလည်း ခိုင်ခံ့မှုအားနည်းသောကြောင့် ကွန်ကရစ်တံတားအဖြစ် ဆောင်ရွက်နိုင်ရေး ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနနှင့် ကျေးလက်လမ်းဦးစီးဌာနများသို့ ချိတ်ဆက်ဆောင်ရွက်သွားပါမည်။

### (ဂ) ကျန်းမာရေးဆိုင်ရာ အထောက်အပံ့များ ရရှိရေးဆောင်ရွက်ခြင်း

ကျေးရွာတွင် ဆေးပေးခန်းမရှိသဖြင့် ကျန်းမာရေးအတွက် အရေးပေါ်လိုအပ်ပါက အနီးဆုံး

 အနေဖြင့် အိမ်မဲမြို့နယ်၊ ခေါင်လန်ကုန်းကြီးရွာသို့ စက်လှေဖြင့် သွားရောက်ရပါသည်။ ရေလမ်းဖြင့် သွားလာရခြင်း၊ အနည်းငယ်အလှမ်းဝေးခြင်းများကြောင့် ကျေးရွာအတွင်း ကျန်းမာရေးဆိုင်ရာ အထောက်အပံ့များ အလွယ်တကူ ရရှိနိုင်ရေးအတွက် ကျေးလက်ဆေးပေးခန်းရရှိရေး သက်ဆိုင်ရာ ကျန်းမာရေးဦးစီးဌာနနှင့် ချိတ်ဆက်ဆောင်ရွက်သွားပါမည်။

**(ဃ) ပညာရေးဆိုင်ရာ အထောက်အပံ့များ ရရှိရေးဆောင်ရွက်ခြင်း**

ကျေးရွာတွင် မူလတန်းကျောင်းရှိပြီး RC ကွန်ကရစ်ကျောင်းဆောင် (၁) ဆောင်၊ ဝါးခင်း ဓနိမိုးထားသည့် ကျောင်းဆောင် (၁) ဆောင်နှင့် ကျောင်းရှိ ဆရာ/ ဆရာမများအတွက် ဝန်ထမ်းအိမ်ရာ မရှိ၍ ကျေးရွာမှ ကိုယ်ထူကိုယ်ထ ဆောက်လုပ်ပေးထားသည့် သစ်သားဝန်ထမ်းအိမ်ရာတို့ရှိပါသည်။ အဆိုပါ ဝါးကျောင်းဆောင်နှင့် ဝန်ထမ်းအိမ်ရာအား ကွန်ကရစ်ဖြင့် ပြန်လည်တည်ဆောက်ရန် သက်ဆိုင်ရာ ပညာရေးဦးစီးဌာနနှင့် ချိတ်ဆက်ဆောင်ရွက်သွားပါမည်။

**(င) မီးလင်းရေးဆိုင်ရာ အထောက်အပံ့များ ရရှိရေးဆောင်ရွက်ခြင်း**

ကျေးရွာသည် မြစ်ချောင်းများ ခြားနေခြင်း၊ မဟာဓာတ်အားလိုင်းနှင့် ဝေးကွာခြင်းများကြောင့် လျှပ်စစ်မီးသွယ်ယူ၍ မရသဖြင့် ဆိုလာမီးများချထားပေးရန် သက်ဆိုင်ရာ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနနှင့် ချိတ်ဆက်ဆောင်ရွက်သွားပါမည်။

**(စ) စိုက်ပျိုးရေးဆိုင်ရာ အထောက်အပံ့များ ရရှိရေးဆောင်ရွက်ခြင်း**

ကျေးရွာ စိုက်ပျိုးရေးကဏ္ဍတွင် စိုက်ပျိုးရေးနည်းပညာသင်တန်းများပေးရန်၊ လယ်ယာသုံး စက်ပစ္စည်းများ ဈေးနှုန်းသက်သာစွာနှင့် လွယ်ကူစွာ ငှားရမ်းသုံးစွဲနိုင်ရေးအတွက် သက်ဆိုင်ရာ လယ်ယာစိုက်ပျိုးရေးဆိုင်ရာ စက်ယန္တရားများ ငှားရမ်းပေးရေးအဖွဲ့၊ စိုက်ပျိုးရေးဘဏ်၊ စိုက်ပျိုးရေးဦးစီးဌာနတို့နှင့် ချိတ်ဆက်ဆောင်ရွက်သွားပါမည်။

**၈။ စီမံကိန်း၊ စီမံချက်များနှင့် အကောင်အထည်ဖော်ဆောင်ရွက်မှု အချိန်ကာလ**

ဗျူဟာဆိုသည်မှာ ချမှတ်ထားသော ပန်းတိုင်များကို ရောက်ရှိရန် အကောင်ထည်ဖော်မည့် နည်းလမ်းဖြစ်သည်။ နည်းလမ်းဆိုသည်မှာ မည်သည့်စီမံချက်များကို မည်သို့အကောင်ထည်ဖော်မည် ဆိုသည့်သဘောပင်ဖြစ်သည်။ ထို့ကြောင့် စီမံချက်များသည် ချမှတ်ထားသော ပန်းတိုင်များကိုရောက်ရှိရန် ငါးနှစ်တာစီမံချက်ကာလအတွင်းပါဝင်မည့် ဖွံ့ဖြိုးရေးလုပ်ငန်းအကောင်အထည်ဖော်မှုဆိုင်ရာ အဓိကသော့ချက်များဖြစ်သည်။

**(က) နှစ်ပတ်လည်ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်**

ကျေးရွာလူထုက ငါးနှစ်တာအတွက် စီမံကိန်းရေးဆွဲစဉ်အချိန်က ဦးစားပေးအစီအစဉ်ချခဲ့သော စီမံကိန်းများသည် ငါးနှစ်တာလုံးအတွက် ပြီးပြည့်စုံပြီဟုမဆိုနိုင်ပါ။ ဦးစားပေးစီမံကိန်းအချို့ကို ရွှေ့ပိုင်း

နှစ်များတွင် ဆောင်ရွက်နေစဉ် နောက်ထပ်ဦးစားပေးစီမံကိန်းအသစ်များပေါ်လာပါမည်။ ပုံမှန်အားဖြင့် စနစ်တကျရေးဆွဲထားသော ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်မူဘောင်သည် သဘာဝဘေးအန္တရာယ် ဆိုးဆိုးဝါးဝါးမကျပါက ပြောင်းလဲမှုသိသိသာသာမရှိနိုင်ပဲ နောက်တိုးဦးစားပေးစီမံကိန်း လုပ်ငန်းအချို့ကို နှစ်ပတ်လည်ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်တွင် ထည့်သွင်းခြင်းအားဖြင့် အစဉ်သဖြင့် ငါးနှစ်တာ စီမံချက်တစ်ခု အသင့်အနေအထားတွင် ရှိနေပါမည်။

## (ခ) ကဏ္ဍနှင့် ရင်းနှီးမြှုပ်နှံမှုအမျိုးအစားကို အခြေခံ၍ စီမံချက်ကို အုပ်စုခွဲခြားခြင်း

စီမံကိန်းများကို မည်သည့်ဝန်ကြီးဌာန၊ ဦးစီးဌာနနှင့် သက်ဆိုင်သည်ဟု လုပ်ငန်းကဏ္ဍဆိုင်ရာ အရခွဲခြားခြင်း (Functional classification) နှင့် စီးပွားရေးအကျိုးဖြစ်ထွန်းမှုနှင့် အကျိုးသက်ရောက်မှုဆိုင်ရာ ရင်းနှီးမြှုပ်နှံမှုကိုအခြေခံ၍ အုပ်စုသတ်မှတ်ခြင်း (Economic classification) ဟူ၍ နှစ်မျိုး ရှိသည်။

*လုပ်ငန်းကဏ္ဍကို အခြေခံ၍ စီမံကိန်းအုပ်စုသတ်မှတ်ခြင်း (Functional classification)* – ဝန်ကြီးဌာနများ၊ ဦးစီးဌာနများက ယင်းတို့၏လုပ်ငန်းတာဝန်များအလိုက် ဖော်ထုတ်ထားသော လုပ်ငန်းကဏ္ဍအပိုင်းအခြားများကို သိရှိစေနိုင်သည်။

*ရင်းနှီးမြှုပ်နှံမှုအမျိုးအစားကိုအခြေခံ၍ စီမံကိန်းအုပ်စုသတ်မှတ်ခြင်း (Economic classification)* တွင်

- သာမန်အသုံးစရိတ်
- ငွေလုံးငွေရင်းအသုံးစရိတ်၊
- စွမ်းဆောင်ရည်မြှင့်တင်ရေးအသုံးစရိတ်
- လူသားချင်းစာနာမှုဆိုင်ရာ အထောက်အပံ့တို့ ပါဝင်သည်။

## (ဂ) ဦးစားပေးစီမံချက်များ

စီမံချက်များအလိုက် ဦးစားပေးအစီအစဉ်များကို ဇယားဖြင့်ဖော်ပြထားပါသည်။ ကျေးရွာလူထုသည် နှစ်သက်ရာအမှတ်ပေးအဆင့်ခွဲခြင်းစနစ်ဖြင့် ရွာလုံးကျွတ်အစည်းအဝေးတွင် စီမံချက်များ ဦးစားပေးအစီအစဉ်ကို ဖော်ထုတ်ထားပါသည်။ တချို့စီမံချက်များကို ရေးဆွဲရာတွင် မြို့နယ်အဆင့်ဌာနဆိုင်ရာအဖွဲ့အစည်းများနှင့် အခြားအေဂျင်စီများထံမှ နည်းပညာအကူအညီများရရှိရန်လည်း လိုအပ်ပါသည်။ ကျေးရွာဖွံ့ဖြိုးရေးအစည်းအဝေးတွင် သဘောတူသတ်မှတ်ထားသော ဦးစားပေး စီမံချက်လုပ်ငန်းများမှာ အောက်ပါအတိုင်း ဖြစ်ပါသည်_

## ဧရာဝတီတိုင်းဒေသကြီး၊ ကန်ကြီးထောင့်မြို့နယ်၊ ညောင်ပိုင်းကျေးရွာအုပ်စု၊ ညောင်ပိုင်းကျေးရွာ၊ ဦးစားပေးစီမံချက်များ

| ကဏ္ဍ/ ကဏ္ဍခွဲ | စီမံချက် | ရမှတ် ပေါင်း | ဦးစား ပေး အဆင့် | ဖော်ပြချက် | မှတ်ချက် |
|---|---|---|---|---|---|
| *အခြေခံအဆောက်အအုံ* | | | | | |
| | ၁။ ရွာတွင်းလမ်းအား ကျောက်ချော ခင်းရန် | ၁၀၀ | ၁ | - ယခုစာအုပ်စတင်ပြုစုချိန် (၂၀၁၇-၂၀၁၈ ခုနှစ်တွင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ရန်ပုံငွေဖြင့် ၈၀ံ မြေနီလမ်းဆောင်ရွက်ပြီးဖြစ်သော်လည်း မိုးများသည့်ကာလများကြောင့် လမ်းပျက်စီးမှုများရှိသဖြင့် ကျောက်ချောလမ်းအဖြစ် ထပ်မံဆောင်ရွက်ပါမည်။ | ကျေးလက်/ လမ်း ဦးစီးဌာန |
| | ၂။ ဖျံကြီးနှင့် ဆက်သောလမ်းအား လမ်းချဲ့ကာ ကျောက်ချောခင်းရန် | ၉၇ | ၂ | - ဖျံကြီးကျေးရွာနှင့်ဆက်သောလမ်းမှာ မြေသားတာဘောင်အား ၈၀ံ ၄ ပေအကျယ်သာ ခင်းထားခြင်းဖြစ်၍ ကျောက်ချော လမ်းအဖြစ် အဆင့်မြှင့်တင်ရန် | ကျေးလက်/ လမ်း ဦးစီးဌာန |
| | ၃။ ဖျံကြီးနှင့်ဆက်သော တံတားအားကွန်ကရစ်ဖြင့် ပြန်လည်တည် ဆောက်ရန် | ၉၅ | ၃ | - ဖျံကြီးနှင့်ဆက်သော ချောင်းကူးတံတားမှာ လက်ရှိတွင် ထန်းသားဖြင့် အကျယ် ၄ ပေခန့်သာ ဆောင်ရွက်ထားသဖြင့် ကုန်စည်များသယ်ယူနိုင်ရေးနှင့် လူမှုစီးပွားအတွက် အထောက်အကူပြုရေးအတွက် ၁၀ ပေအကျယ်ခန့်ရှိ ကွန်ကရစ်တံတားအသစ် ပြန်လည်တည်ဆောက်ရန် | ကျေးလက်/ လမ်း ဦးစီးဌာန |

| ကဏ္ဍ/ ကဏ္ဍခွဲ | စီမံချက် | ရမှတ် ပေါင်း | ဦးစား ပေး အဆင့် | ဖော်ပြချက် | မှတ်ချက် |
|---|---|---|---|---|---|
| *ကျန်းမာရေး* | | | | | |
| | ၄။ ကျေးလက်ဆေးပေးခန်း ချထားပေးရန် | ၈၈ | ၄ | - ကျန်းမာရေးအတွက် အခြားရွာသို့ စက်လှေဖြင့် သွားရောက်ရပါ၍ ကျန်းမာရေးဆိုင်ရာ အထောက်အပံ့များ အချိန်မီ အလွယ်တကူရရှိရေး ကျေးလက်ဆေးပေးခန်း တည်ဆောက်ပေးရန် | ကျန်းမာရေး ဦးစီးဌာန |
| *ပညာရေး* | | | | | |
| | ၅။ ကျောင်းဆောင်သစ်ဆောက်လုပ်ရန် | ၈၅ | ၅ | - မူလတန်းကျောင်းရှိ ဝါးဖြင့် ကိုယ်ထူကိုယ်ထဆောက်လုပ်ထားသော ကျောင်းဆောင်အား ကွန်ကရစ်ဖြင့် အသစ်ပြန်လည်တည်ဆောက်ရန် | ပညာရေး ဦးစီးဌာန |
| | ၆။ ကျောင်း ဝန်ထမ်းအိမ်ရာ တည်ဆောက်ရန် | ၈၀ | ၆ | - ကျေးရွာ မူလတန်းကျောင်းရှိ ဆရာ/ ဆရာမ များအတွက် ဝန်ထမ်းအိမ်ရာသစ် ဆောက်လုပ်ပေးရန် (ကျေးရွာမှ ကိုယ်ထူကိုယ်ထဖြင့် ဆောက်လုပ်ထားသည့် သစ်သားအိမ်ရာမှာ ပျက်စီးနေပါသဖြင့်) | ပညာရေး ဦးစီးဌာန |

| ကဏ္ဍ/ ကဏ္ဍခွဲ | စီမံချက် | ရမှတ် ပေါင်း | ဦးစား ပေး အဆင့် | ဖော်ပြချက် | မှတ်ချက် |
|---|---|---|---|---|---|
| ***မီးလင်းရေး*** | | | | | |
| | ၇။ ဆိုလာမီးများ ချထားပေးရန် | ၇၈ | ၇ | - ကျေးရွာမှာ မဟာဓာတ်အားလိုင်း လျှပ်စစ်မီး ဆောင်ရွက်ရန် အဆင်မပြေသဖြင့် ဆိုလာမီးများ ချထားပေးရန် | ကျေးလက် ဦးစီးဌာန |
| ***စိုက်ပျိုးရေး*** | | | | | |
| | ၈။ စိုက်ပျိုးရေးဆိုင်ရာ အထောက်အပံ့များ ရရှိရန်ဆောင်ရွက်ခြင်း | ၇၀ | ၈ | - ကျေးရွာအတွင်း စိုက်ပျိုးရေးဆိုင်ရာ အထောက်အပံ့များ အဖြစ် စိုက်ပျိုးရေးနည်းပညာသင်တန်းပေးရန်၊ လယ်ယာသုံး စက်ယန္တရားများအား ဈေးနှုန်းသက်သာစွာဖြင့် ငှားရမ်းအသုံးပြုနိုင်ရေး ဆောင်ရွက်ပေးရန် | စိုက်ပျိုးရေး ဦးစီးဌာန |

## (ဃ) အကောင်အထည်ဖော်မည့် အချိန်ကာလ

အောက်ပါဇယားတွင် လုပ်ငန်းစတင်ရန်၊ ပြီးဆုံးရန် ခန့်မှန်းဖော်ပြထားသည့် ဦးစားပေး စီမံချက်များ၏ အချိန်ဇယားကိုဖော်ပြထားပါသည်။ ဤအစီအစဉ်ကို နှစ်အလိုက် လိုအပ်သလိုဖြည့်စွက်ပြင်ဆင်ပြီး နှစ်ပတ်လည်ကျေးရွာဖွံ့ဖြိုးရေး စီမံချက်ရေးဆွဲရာတွင်လည်း ထည့်သွင်းပေးမည်။

| စီမံချက် | အဆင့် | ၂၀၁၇ | ၂၀၁၈ | ၂၀၁၉ | ၂၀၂၀ | ၂၀၂၁ |
|---|---|---|---|---|---|---|
| ၁။ ရွာတွင်းလမ်းအား ကျောက်ချောခင်းရန် | ၁ | —— | | | | |
| ၂။ ဖုံကြီးနှင့် ဆက်သောလမ်းအား လမ်းချဲ့ကာ ကျောက်ချောခင်းရန် | ၂ | —— | | | | |
| ၃။ ဖုံကြီးနှင့်ဆက်သော ထန်းသား တံတားအား ကွန်ကရစ်တံတားအသစ်ပြန်လည်တည်ဆောက်ရန် | ၃ | | —— | | | |
| ၄။ ကျေးလက်ဆေးပေးခန်း ချထားပေးရန် | ၄ | | | —— | | |
| ၅။ ကျောင်းဆောင်သစ်ဆောက်လုပ်ရန် | ၅ | | | | —— | |
| ၆။ ကျောင်းဝန်ထမ်းအိမ်ရာ တည်ဆောက်ရန် | ၆ | | | | —— | |
| ၇။ ဆိုလာမီးများ ချထားပေးရန် | ၇ | | | | | —— |
| ၈။ စိုက်ပျိုးရေးဆိုင်ရာ အထောက် အပံ့များ ရရှိရန်ဆောင်ရွက်ခြင်း | ၈ | | | | | —— |

## ၉။ ဘတ်ဂျတ်နှင့်ငွေကြေးဆိုင်ရာအစီအစဉ်

အောက်ပါဇယားတွင် ဖော်ပြထားသောစီမံချက်အလိုက် ဘတ်ဂျက်ပမာဏများသည် ရည်ညွှန်း နမူနာ (indicative) အဖြစ် ကိုးကားရန်သာဖြစ်ပါသည်။ အမှန်တကယ်လိုအပ်သော ဘတ်ဂျက်ပမာဏ တွက်ချက်နိုင်ရန် အသေးစိတ်ဆက်လက်၍ဆောင်ရွက်ရမည်ဖြစ်ပါသည်။ ကျေးရွာဖွံ့ဖြိုးရေးကော်မတီ သည် အချို့စီမံချက်များကိုရေးဆွဲရာတွင် မြို့နယ်အဆင့်ဌာနဆိုင်ရာအဖွဲ့အစည်းများနှင့် ဝန်ဆောင်မှုပေး သည့် လုပ်ငန်းရှင်များထံမှ ဘတ်ဂျတ်အပါအဝင် စီမံချက်ပြုစုရေးဆွဲရေးအကူအညီများရရှိရန်လည်း လိုအပ်ပါသည်။ ဖော်ပြထားသော ရည်ညွှန်းဘတ်ဂျက်ပမာဏတွင် ကျေးရွာလူထု၏ ငွေသားမဟုတ်သော ထည့်ဝင်မှုများကို ထည့်သွင်းဖော်ပြထားခြင်းမရှိပါ။ (ငွေသားမဟုတ်သောထည့်ဝင်မှု၊ ဥပမာ လုပ်အား၊ သဲ၊ ကျောက်၊ ပစ္စည်း ကိရိယာ၊ အချိန် စသည်)

**စီမံချက်ဘတ်ဂျက်**

| စဉ် | စီမံချက် | ရန်ပုံငွေ (သိန်း) | ရင်းနှီးမြှပ်နှံမှုအရအုပ်စုသတ်မှတ်ခြင်း(ကျပ်) | | | |
|---|---|---|---|---|---|---|
| | | | သာမန် အသုံး စရိတ် | ငွေလုံးငွေရင်း အသုံးစရိတ် | | လူသားချင်း စာနာမှု ဆိုင်ရာ ထောက်ပံ့မှု |
| | | | | ငွေလုံး ငွေရင်း အသုံးစရိတ် | စွမ်းဆောင် ရည်မြှင့် တင်ရေး | |
| ၁ | ရွာတွင်းလမ်းအား ကျောက်ချောခင်းရန် | | | √ | | |
| ၂ | ဖုံကြီးနှင့် ဆက်သောလမ်းအား လမ်းချဲ့ကာ ကျောက်ချောခင်းရန် | | | √ | | |
| ၃ | ဖုံကြီးနှင့်ဆက်သော ထန်းသား တံတားအား ကွန်ကရစ်တံတားအသစ် ပြန်လည်တည်ဆောက်ရန် | | | √ | | |
| ၄ | ကျေးလက်ဆေးပေးခန်း ချထားပေးရန် | | | √ | | |
| ၅ | ကျောင်းဆောင်သစ်ဆောက်လုပ်ရန် | | | √ | | |
| ၆ | ကျောင်းဝန်ထမ်းအိမ်ရာ တည်ဆောက်ရန် | | | √ | | |
| ၇ | ဆိုလာမီးများ ချထားပေးရန် | | | √ | | |
| ၈ | စိုက်ပျိုးရေးဆိုင်ရာ အထောက် အပံ့များ ရရှိရန်ဆောင်ရွက်ခြင်း | | | | √ | √ |

## ၁၀။ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများအကောင်အထည်ဖော်မည့် နည်းလမ်းနှင့် အစီအစဉ်များ

ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ကို ကျေးရွာလူထုက ဦးဆောင်အကောင်ထည်ဖော်မည်ဖြစ်သဖြင့် လုပ်ငန်းအောင်မြင်ရေးနှင့် ရည်မှန်းချက်များသို့ ရောက်ရှိရေးမှာ ကျေးရွာတွင်တာဝန်ရှိပါသည်။

## (က) ကျေးရွာဖွံ့ဖြိုးရေးကော်မတီ၏ အခန်းကဏ္ဍ

ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်တွင်ပါဝင်သော စီမံကိန်းလုပ်ငန်းများကို အထိရောက်ဆုံး အကောင်အထည်ဖော်ရန်တာဝန်မှာ ကျွန်ုပ်တို့ကျေးရွာလူထု၏တာဝန်ဖြစ်ပါသည်။ ကျွန်ုပ်တို့ကျေးရွာဖွံ့ဖြိုးရေးကော်မတီသည် ပေါင်းစပ်ညှိနှိုင်းရေးနှင့် စီမံခန့်ခွဲရေးတာဝန်ကိုအဓိကယူပါမည်။ အဖွဲ့အစည်းအသီးသီး၊

ကော်မတီအသီးသီးအား တာဝန်များခွဲဝေအပ်နှင်း၍ သက်ဆိုင်ရာစီမံကိန်းများဆောင်ရွက်နိုင်ရန် ဦးဆောင်ပါမည်။

### (ခ) ဖွံ့ဖြိုးရေးမိတ်ဖက်အဖွဲ့အစည်း

ကျွန်ုပ်တို့ကျေးရွာကော်မတီအဖွဲ့များက ဖွံ့ဖြိုးရေးစီမံကိန်းများ အကောင်အထည်ဖော်ရာတွင် ဦးဆောင်စီမံခန့်ခွဲမှု တာဝန်ယူဆောင်ရွက်သော်လည်း အခြားသော ဖွံ့ဖြိုးရေးမိတ်ဖက်အဖွဲ့များကိုလည်း ရှာဖွေဆက်သွယ်ပူးပေါင်းရန်လိုပါမည်။ ကျွန်ုပ်တို့ကိုယ်တိုင်မတတ်နိုင်သောအကူအညီများ ရယူဆောင်ရွက်ရန်ဖြစ်ပါသည်။ ဥပမာ - မိဘဆရာအသင်းသည် မူလတန်းပညာရေးသင်ကြားမှု အရည်အသွေးတိုးတက်ရေးဆောင်ရွက်ရန် မြို့နယ်ပညာရေးဌာနနှင့် ချိတ်ဆက်ညှိနှိုင်းဆောင်ရွက်ရပါမည်။ ကျေးရွာ ရေကော်မတီမှလည်း မြေသားရေကန် ထိန်းသိမ်းစောင့်ရှောက်ရေး၊ သန့်ရှင်းရေးနှင့် လိုအပ်သည်များ ပြင်ဆင်နိုင်ရန် **ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနနှင့်** ဆက်သွယ်၍ အကူအညီများရယူရပါမည်။ အခြား ဖွံ့ဖြိုးရေးလုပ်ငန်းများအားလည်း လုပ်ငန်းအလိုက် အင်ဂျင်နီယာဒီဇိုင်းပုံစံနှင့် တွက်ချက်မှုဆိုင်ရာ အထောက်အပံ့များ ရရှိရေး သက်ဆိုင်ရာ ဌာန/ အဖွဲ့အစည်းများနှင့် ချိတ်ဆက်ဆောင်ရွက်သွားပါမည်။

### (ဂ) ကန်ထရိုက်နှင့် ဝန်ဆောင်မှုပေးသည့် အဖွဲ့အစည်းများ

စီမံကိန်းလုပ်ငန်းများ၏ အသေးစိတ်လုပ်ငန်းအမျိုးအစားဖော်ပြချက်တွင် တင်ဒါခေါ်ယူဆောင်ရွက်ရမည့်ကိစ္စများကိုလည်းတွေ့ရပါမည်။ ဤလုပ်ငန်းအမျိုးအစားများအတွက် အောက်ပါ အဖွဲ့အစည်း/ ပုဂ္ဂိုလ်များ၏ ပါဝင်မှုမှာအမှန်ပင် လိုအပ်ပါမည်။

- ဆောက်လုပ်ရေး၊ ကြီးကြပ်ရေးစသည့် လုပ်ငန်းများအတွက် ကန်ထရိုက်များ
- စိုက်ပျိုးရေး၊ မွေးမြူရေးစသည့်သင်တန်းများအတွက် နည်းပညာဆိုင်ရာနှင့် စီမံခန့်ခွဲမှုဆိုင်ရာ ဝန်ဆောင်မှုပေးသည့်အဖွဲ့များ (နိုင်ငံတကာဖွံ့ဖြိုးမှုအဖွဲ့အစည်းများ၊ ဒေသဖွံ့ဖြိုးရေးအဖွဲ့အစည်းများ၊ ပုဂ္ဂလိကအဖွဲ့အစည်းများ၊ လူထုအဖွဲ့အစည်းများ)

ကန်ထရိုက်နှင့် ဝန်ဆောင်မှုပေးသည့် အဖွဲ့အစည်းများက စီမံကိန်းလုပ်ငန်းတွင် ဖော်ပြထားသော သတ်သတ်မှတ်မှတ်ကိစ္စများကိုသာ ကြီးကြပ်မှုပေးမည်ဖြစ်ပြီး လုပ်ငန်းတစ်ခုလုံးလွှမ်းခြုံကြီးကြပ်ရန် တာဝန်မှာ ကျွန်ုပ်တို့ကျေးရွာဖွံ့ဖြိုးရေးကော်မတီက တာဝန်ပေးထားသောအဖွဲ့၏ တာဝန်သာဖြစ်ပါသည်။ အချို့ကိစ္စများတွင် ကြီးကြပ်ရေးတာဝန်မှာ မြို့နယ်သက်ဆိုင်ရာဦးစီးဌာနက တာဝန်ယူပါမည်။ ဤကိစ္စမျိုးတွင် ကျေးရွာဖွံ့ဖြိုးရေးကော်မတီသည် တာဝန်ပေးထားသောကော်မတီကို ဦးဆောင်၍ မြို့နယ်ဌာနဆိုင်ရာအဖွဲ့အစည်းများနှင့် နီးနီးကပ်ကပ် ပူးပေါင်းဆောင်ရွက်ပါမည်။

### (ဃ) ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများလည်ပတ်ရန်နှင့် ပြုပြင်ထိန်းသိမ်းရန်အတွက် အဖွဲ့အစည်းဆိုင်ရာအစီအစဉ်များနှင့် ငွေကြေးဆိုင်ရာအစီအမံများ

ကျွန်ုပ်တို့ကော်မတီအနေဖြင့် လုပ်ငန်းတစ်ခုချင်းစီအတွက် ရေရှည်တည်တံ့ရေးအစီအစဉ်များ ထားရှိမည်။ ဥပမာအားဖြင့် လမ်းပြုပြင်ထိန်းသိမ်းရေးအတွက် အသုံးပြုသူများထံမှ အသုံးပြုခကောက်ခံခြင်း၊

စေတနာအလျောက် ထည့်ဝင်လိုသူများထံမှ အလှူငွေကောက်ခံခြင်းတို့ကို ဆောင်ရွက်မည်။ ထို့ပြင် လမ်းအသုံးပြုမှု တန်ချိန်သတ်မှတ်ခြင်းကဲ့သို့သော စည်းကမ်းများသတ်မှတ်မည်။

ဖွံ့ဖြိုးရေးလုပ်ငန်းများ ရေရှည်တည်တံ့ရေးအတွက် လုပ်ငန်းအလိုက် သက်ဆိုင်ရာကော်မတီအဖွဲ့အားတာဝန်အပ်နှင်းဆောင်ရွက်မည်ဖြစ်ပါသည်။ ရေရှည်ပြုပြင်ထိန်းသိမ်းရေးအတွက်လည်း သက်ဆိုင်ရာဌာနများ၊ အလှူရှင်များနှင့်လည်း ချိတ်ဆက်ဆောင်ရွက်ပါမည်။

## ၁၁။ စီမံကိန်းအား စဉ်ဆက်မပြတ် လေ့လာဆန်းစစ်ခြင်းနှင့် အကဲဖြတ်သုံးသပ်ခြင်း

ကျွန်ုပ်တို့၏ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ် အကောင်အထည်ဖော်ရာတွင် တိုးတက်မှုအခြေအနေများအား စနစ်တကျကြီးကြပ်စစ်ဆေးအကဲဖြတ်ကြပါမည်။ အစ ကနဦး၌ ကြီးကြပ်စစ်ဆေးအကဲဖြတ်ခြင်း လုပ်ငန်းကို ရိုးရှင်းလွယ်ကူသောနည်းလမ်းများဖြင့် ဆောင်ရွက်ပါမည်။ သို့မှသာ ရည်ရွယ်သည့် အတိုင်း ကြီးကြပ်စစ်ဆေးအကဲဖြတ်သည့် လုပ်ငန်းကိုပြီးမြောက်အောင် ဆောင်ရွက်နိုင်ပါလိမ့်မည်။

လူထုဗဟိုပြု၍ အားလုံးပူးပေါင်းပါဝင်သော ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ် အကောင်အထည်ဖော်သောနည်းလမ်းကို လက်ကိုင်ကျင့်သုံးသည့်အလျောက် ကျွန်ုပ်တို့သည် ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများကို ကြီးကြပ်စစ်ဆေးသုံးသပ်ရာတွင် ကျေးရွာအတွင်းရှိ အဖွဲ့အစည်းများ၊ အိမ်ထောင်စုများတက် ကြွစွာ အတူပူးပေါင်းဆောင်ရွက်ရန် ဆောင်ရွက်ပါမည်။ ဤသို့ဆောင်ရွက်နိုင်ရန် သင့်တော်သော အဖွဲ့အစည်း စနစ်၊ လုပ်ထုံးလုပ်ငန်းများ တည်ဆောက်ပါမည်။

### (၁၁-၁) ကြီးကြပ်စစ်ဆေးခြင်း (Monitoring)

အထူးသဖြင့် ကျွန်ုပ်တို့သည် ကျွန်ုပ်တို့ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်၏ လုပ်ငန်းပိုင်းဆိုင်ရာ တိုးတက်မှု (physical progress) နှင့် ငွေကြေးဆိုင်ရာတိုးတက်မှု (financial progress) တို့ကို စနစ်တကျ ကြီးကြပ်စစ်ဆေးပါမည်။ ၄င်းစစ်ဆေးခြင်းကို လုပ်ငန်း စတင် ဆောင်ရွက်ချိန်မှ ပြီးဆုံးချိန် အထိ အပြင် ၎င်း နောက် ပြုပြင်ထိန်းသိမ်းရန်အတွက်ပါ ကြီးကြပ်ဆောင်ရွက်ပါမည်။ ကြီးကြပ် စစ်ဆေးခြင်းလုပ်ငန်းကို ကျေးရွာဖွံ့ဖြိုးရေးကော်မတီ၏စီစဉ်မှုဖြင့် သက်ဆိုင်ရာ စီမံကိန်းလုပ်ငန်းအလိုက် တာဝန်ယူ ဆောင်ရွက်နေသော အဖွဲ့အသီးသီး၊ ကော်မတီအသီးသီးတို့က မိမိတို့တာဝန်ကျရာကဏ္ဍအလိုက် စစ်ဆေး သုံးသပ် ပါမည်။

အဖွဲ့အသီးသီး၊ ကော်မတီအသီးသီးသည် မိမိတို့၏ စီမံကိန်းဆိုင်ရာ ကနဦးသတင်းအချက်အလက်များ (Baseline) ရရှိအောင်ဆောင်ရွက်ကြပါမည်။ ယင်းအခြေခံသတင်းအချက်အလက်များပေါ် မူတည်၍ တိုးတက်မှုကိုတိုင်းတာသည့် အညွှန်းကိန်း (indicator) ကိုတည်ဆောက်ရပါမည်။ လုပ်ငန်းအား အစမှ အဆုံးထိ (၃) ကြိမ်တိုင် ကော်မတီနှင့် အဖွဲ့အသီးသီးသည် ၄င်းတို့၏ ကြီးကြပ်စစ်ဆေးတွေ့ရှိမှု အစီရင်ခံစာ (monitoring report) ကို ရွာလူထုအစည်းအဝေး၌ အစီရင်ခံတင်ပြပါမည်။ ဆက်လက် ညှိနှိုင်းဆောင်ရွက်ရမည့်ကိစ္စများကို ကျေးရွာဖွံ့ဖြိုးမှုကော်မတီမှဦးဆောင်ပါမည်။ ကြီးကြပ်စစ်ဆေးမှု အစီရင်ခံစာသည် အောက်ပါအချက်များအပေါ် ဦးတည်ပါမည် -

#### (က) လုပ်ငန်းပိုင်းဆိုင်ရာတိုးတက်မှု (Physical progress)

- စီမံကိန်းလုပ်ငန်းများ လုပ်ငန်းပိုင်းတိုးတက်မှုနှင့် ပြီးမြောက်မှုအတိုင်းအတာ

- အကောင်အထည်ဖော်ရာတွင် ကြုံတွေ့ရသော အခက်အခဲ၊ အဟန့်အတားများနှင့် ပြုပြင်သင့်သောအဆိုပြုချက်များ၊
- ပြုပြင်ပြောင်းလဲဆောင်ရွက်ရန် လိုအပ်သော ဖွံ့ဖြိုးရေးဗျူဟာနှင့် စီမံကိန်းများ၊

(ခ) **ငွေကြေးဆိုင်ရာတိုးတက်မှု (Financial progress)**

- ငွေသားနှင့် ငွေသားမဟုတ်သော အရင်းအနှီးလိုအပ်ချက်များ စုစည်းပြီးစီးမှု (မူလ လျာထားချက်နှင့် နှိုင်းယှဉ်၍)၊
- ကြီးကြပ်မှု အစီရင်ခံစာ ရင်းလင်းချိန်တွင်ရှိသော ငွေသားနှင့် အခြားပစ္စည်းလက်ကျန်၊
- ငွေသားနှင့် ငွေသားမဟုတ်သော အရင်းအမြစ်များစုဆောင်းရာတွင် ကြုံတွေ့နေရသော အခက်အခဲများ၊ ပြဿနာများ၊
- ငွေကြေးစုဆောင်းပြင်ဆင်မှု တိုးတက်ရန် အဆိုပြုနည်းလမ်းများ၊

ကျေးရွာဖွံ့ဖြိုးရေးကော်မတီသည် ကြီးကြပ်စစ်ဆေးမှု အစီရင်ခံစာအနှစ်ချုပ်ကို ပြုစုပြင်ဆင်ပြီး သက်ဆိုင်ရာကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးနှင့် သက်ဆိုင်ရာမြို့နယ်ဦးစီးဌာနများသို့ အစီရင်ခံ ပေးပို့ပါမည်။ အစီရင်ခံစာသည် အောက်ပါအချက်များကို အဓိကထားဖော်ပြပါမည်။ ၄င်းအစီရင်ခံစာတွင် အခက်အခဲနှင့် ရင်ဆိုင်ကျော်လွှားရမည့် အချက်အလက်များအပါအဝင် ယင်းအခြေခံ သတင်းအချက်အလက်များပေါ်မူတည်၍ တိုးတက်မှုကို တိုင်းတာသည့် အညွှန်းကိန်း (indicator) ကိုတည်ဆောက်ရပါမည်။

## (၁၁-၂) နှစ်ပတ်လည် ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း ဆောင်ရွက်ပြီးစီးမှု အကဲဖြတ်ခြင်း

